# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၅၄)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ ၁၅-၈-၂၀၂၄၊ ကြာသပတေးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ စာမျက်နှာ ၃ သို့ ☆

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၄

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

## ယနေ့ ဖတ်စရာအညွှန်း


အသံဖြင့် အပူချိန်မှန်းဆနိုင်သော လူ့အာရုံခံစနစ်ကို အစွဲရေးသိပ္ပံပညာရှင်များ လက်တွေ့စူးစမ်းလေ့လာ စာမျက်နှာ ၇

ပြည်တွင်းဆီ လိုအပ်ချက်မြင့်မားနေသောကြောင့် ပဲပုပ်ဈေးကောင်းရရှိလာ စာမျက်နှာ ၁၂

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၅ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေး နေ့စဉ်

# စာအုပ်စာပေဖတ်ရှုလေ့လာခြင်း၏ အကျိုးကျေးဇူးများ

"စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုသည့် စကားကဲ့သို့ စာပေသည် လောကလူသားများအတွက် ဘဝတစ်သက်တာအကျိုးပြုနိုင်သည့် မိတ်ဆွေစစ်ဖြစ်သည်။ စာပေရေးသားသူများသည် မိမိတို့တွေ့ကြုံရသည့် အတွေ့အကြုံများ၊ အသိအမြင်များကို အရင်းတည်ကာ စာဖတ်သူများအား သင်ယူမှတ်သားရန် ရေးသားထားခြင်းဖြစ်သည်။ စာအုပ်စာပေများသည် ဖတ်ရှုလေ့လာသူများအား အသိအလိမ္မာဟူသော အကျိုးကျေးဇူးများကို ရရှိစေသဖြင့် စာပေသည် လူသားတို့၏ ဘဝကို ပဲ့ကိုင်လမ်းညွှန်ပေးနိုင်သည့် အရာပင်ဖြစ်သည်။

လောကတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ ဆရာအမျိုးမျိုးရှိသည့်အနက် စာပေသည် မြင်ဆရာတစ်မျိုးဖြစ်သည်။ စာအုပ်စာပေဖတ်ရှုခြင်းဖြင့် အသိအမြင်ကြွယ်ဝလာမည်။ အတွေးအခေါ် အယူအဆမှန်ကန်လာမည်။ အသိပညာ အတတ်ပညာတို့ တိုးပွားစေမှု စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။ စာပေသည် လူသားတိုင်းအတွက် ဉာဏ်မျက်စိကို ဖွင့်ပေးနိုင်သဖြင့် စာအုပ်စာပေမှ ရရှိလာမည့် အကျိုးကျေးဇူးတို့ကား ကြီးမားလှပါသည်။

စာပေဖတ်ရှုသူ စာဖတ်နာသူများသည် အတွေးအကြံများ၍ ရင့်ကျက်စေနိုင်သည်။ ထို့ပြင် စာအုပ်စာပေဖတ်ရှုခြင်းဖြင့် ဖတ်ရှုသူတို့၏ဘဝကို အကောင်းဘက်သို့ရောက်အောင် စာပေကပို့ဆောင်ပေးနိုင်ပေသည်။ လူသားတိုင်း၏ လောကလူ့ဘောင်တွင် ဆောင်သင့်ရှောင်သင့်သည့် အကြောင်းအရာအမျိုးမျိုးနှင့် နည်းပညာယူစရာများ သာမက ဝါသနာပါသည့် အကြောင်းအရာများကို အသေးစိတ် လေ့လာဆည်းပူးနိုင်မည်ဖြစ်သည်။

စာပေဖတ်ရှုလေ့လာသူများသည် တစ်နေ့တခြား အသိပညာ ဗဟုသုတကြီးမားတိုးတက်လာပြီး အသိဉာဏ်ပညာထက်မြက်လာစေမည်ဖြစ်သည်။ စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးကြောင့် အတွေးအခေါ် အယူအဆမှန်ကန်ဖြောင့်မတ်လာစေရုံမျှမက အတွေးသစ်၊ အကြံသစ်၊ ဉာဏ်သစ်များရရှိကာ လုပ်ဆောင်လိုသည့် ကိစ္စမှန်သမျှကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အလိမ္မာ စာမှာရှိ ဆိုသကဲ့သို့ ကောင်းမြတ်သောအသိပညာ အလိမ္မာများရရှိနိုင်စေရန် စာအုပ်စာပေများကို ဖတ်ရှုသင့်ကြောင်းကို အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက "သားမယားပင် သိမြင်ကင်းကွာ၊ မလိမ္မာလည်း စာပေစကား၊ နေ့တိုင်းကြားက ထူးခြားလိမ္မာ၊ ရှိသည်သာတည်း" ဟူ၍ စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးကို သိရှိမှတ်သားရန် လမ်းညွှန်ပြသခဲ့သည်။

သို့ဖြစ်ရာ အလိမ္မာ စာမှာရှိသကဲ့သို့ ကောင်းမြတ်သော အလိမ္မာ ပေးစွမ်းနိုင်သော စာအုပ်စာပေများကို ဖတ်ရှုခြင်း လေ့လာမှတ်သားရမည်ဖြစ်သည်။ စာအုပ်စာပေ ဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတများကိုပြည့်စုံစေလျက် လူသားတို့၏ဘဝကို မြှင့်တင်နိုင်သည်။ ဆရာသဖွယ် ထိန်းကွပ်ပဲ့ကိုင်လမ်းညွှန်မှုများပေးနိုင်မည့် စာအုပ်စာပေ လေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို လက်တွေ့ခံစားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်



**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ စိုက်ပျိုးရေး ဦးစီးဌာနရှိ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းထိန်က သင်တန်းအဖွင့်အမှာစကားပြောကြားပြီးနောက် တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းထက်က သီးနှံကာကွယ်ရေးဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များနှင့် ဌာန၏လမ်းညွှန်ချက်များ၊ စိုက်ပျိုးရေးသုတေသနအရာရှိ ဦးတင့်လွင်က စပါးကျရောက်ဖျက်ဆီးတတ်သော ဖျက်ပိုးနှင့် ရောဂါပြဿနာများဖြေရှင်းခြင်း၊ မန္တလေးခေတ်ခွဲခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးက အစားအစာဘေးကင်းလုံခြုံရေးနှင့် ဓာတ်ခွဲစစ်ဆေးခြင်းဆိုင်ရာများ၊ ဒုတိယညွှန်ကြားရေးမှူးက မြန်မာ GAP စံချိန်စံညွှန်းအတိုင်း စိုက်ပျိုးထုတ်လုပ်ရေးတို့ကို ပို့ချပေးခဲ့ကြောင်းနှင့် သင်တန်းကာလမှာ ဩဂုတ် ၁၆ ရက်အထိဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ခရိုင် ၇ခုမှ သီးနှံကာကွယ်ရေးတာဝန်ခံများနှင့်မြို့နယ်များမှ ဝန်ထမ်းများ စုစုပေါင်း ၄၃ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (မန္တလေးနေ့စဉ်-၄)**

## ဧရာဝတီမြစ်ရေသည် မန္တလေးဆိပ်ကမ်းတွင် ဩဂုတ် ၂၀ ရက်အတွင်း မြစ်ရေ ၃ ပေခန့် မြင့်တက်နိုင်



**မန္တလေး ဩဂုတ် ၁၄**

ဧရာဝတီမြစ်ရေသည် မန္တလေးဆိပ်ကမ်းတွင် လာမည့် ဩဂုတ် ၂၀ရက်အတွင်း မြစ်ရေမှာ လက်ရှိရေအမှတ်အထက် ၃ပေမှ ၄ပေခန့် မြင့်တက်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

မန္တလေးဆိပ်ကမ်းတွင် ပြီးခဲ့သည့်ရက်များမှစ၍ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ လက်ရှိမြစ်ရေအမှတ်မှာ ၁၀၇၈ စင်တီမီတာ(၃၅ ဒသမ ၃၇ပေ)ရှိကြောင်း မိုး/ဇလမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မန္တလေးတိုင်းဒေသကြီး အတွင်းမှာ ဩဂုတ်လ ဒုတိယ ၁၀ ရက်ပတ်အတွင်း ရွာသွန်းမြဲထက် မိုးပိုမိုရွာနိုင်ပြီး မိုးရွာရက်က ၃ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါတယ်၊ မြစ်ရေအခြေအနေကတော့ ညောင်ဦး၊ သပိတ်ကျင်း၊ မန္တလေးမြို့တွေမှာ လက်ရှိရေအမှတ်အထက် ၃ ပေကနေ ၄ ပေခန့် မြင့်တက်လာနိုင်တယ်" ဟု ၄င်းက ပြောသည်။

ဧရာဝတီမြစ်ရေသည် မန္တလေးဆိပ်ကမ်းတွင် ဇူလိုင် ၃၁ ရက်နေ့တွင် မြစ်ရေအမှတ်မှာ ၁၀၀၅ စင်တီမီတာရှိခဲ့ရာက ဩဂုတ်လပထမပတ်တွင် ၉၆၀ စင်တီမီတာအထိ ကျဆင်းခဲ့ကြောင်း၊ ဩဂုတ် ၁ ရက်နေ့တွင် ၉၈၃ စင်တီမီတာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၁၂ရက်နေ့တွင် ၁၀၆၁ စင်တီမီတာ၊ ၁၃ရက်နေ့တွင် ၁၀၈၁ စင်တီမီတာနှင့် ၁၄ ရက်နေ့တွင် ၁၀၇၈ စင်တီမီတာသို့ ရောက်ရှိလာကြောင်း သိရသည်။

"ရာသီအခြေအနေတွေကို ပိုမိုသက်ရောက်မှုရှိစေတဲ့ အီကွေတာပစိဖိတ်သမုဒ္ဒရာဒေသက အယ်နီညို၊ လာနီညာဖြစ်စဉ်များ အနေနဲ့ အယ်နီညို၊ လာနီညာ မဟုတ်တဲ့ ကြားနေမှာပဲရှိတယ်။ လာမယ့် အောက်တိုဘာကစပြီး လာနီညာအခြေအနေဘက် ရောက်နိုင်တယ်လို့ ကမ္ဘာ့ရာသီဥတုမော်ဒယ် ၁၁ ခုမှာ ၇ ခုလောက်က ပြဆိုနေတယ်" ဟု ဆက်လက်ပြောကြားသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနား၊ ဗန်းမော်၊ ရွှေကူ၊ ကသာ၊ သပိတ်ကျင်း၊ မန္တလေး၊ စစ်ကိုင်း၊ ညောင်ဦးတို့တွင် ၃ပေမှ ၄ပေခန့်၊ ချောက်၊ မင်းဘူး၊ မကွေး၊ အောင်လံ၊ ပြည် စသည့်မြစ်အောက်ပိုင်းတွင် ၁ပေမှ ၂ပေခန့် လက်ရှိရေအမှတ်များထက် မြင့်တက်လာနိုင်သည်ဟု မိုး/ဇလမှ ထုတ်ပြန်ထားသည်။

**(အပေါ်ပုံ) (မန္တလေးနေ့စဉ်-၉)**

## အွန်လိုင်းတွင် မှတ်ပုံတင်မရှိဘဲ ဈေးရောင်းချသူများအား စတင်အရေးယူမည်

**မန္တလေး ဩဂုတ် ၁၄**

အွန်လိုင်းမှ ဈေးရောင်းချသူများသည် မှတ်ပုံတင်ပြုလုပ်ကာ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပြီး မှတ်ပုံတင်ပြုလုပ်ခြင်းမရှိဘဲ လုပ်ငန်းဆောင်ရွက်ပါက ဩဂုတ် ၁ရက်မှစတင်၍ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း စီးပွား/ကူးသန်းမှ သိရသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၁ ရက်က အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့်လုပ်ငန်းများကို မှတ်ပုံတင်ပြုလုပ်ရန် အသိပေးကြေညာထားရာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ၆လ ပြည့်မြောက်သည့်နေ့မှစတင်၍ မှတ်ပုံတင်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူသွားမည်ဟု ဆိုသည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချသော လုပ်ငန်းများအတွက် ၂၀၂၃ အောက်တိုဘာ ၂ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ခွင့်ပြုခဲ့သော မှတ်ပုံတင်ထားသူများအား သက်တမ်း ၆လနှင့် မှတ်ပုံတင်ကြေး ကင်းလွတ်ခွင့်ပြုထားကြောင်း၊ အွန်လိုင်းမှ ဈေးရောင်းသည့် လုပ်ငန်းများအနေဖြင့် www.ecomreg.gov.mm တွင် မှတ်ပုံတင်နိုင်ကြောင်း သိရသည်။

မှတ်ပုံတင်သက်တမ်းကို ၂ နှစ်ထိ ခွင့်ပြုထားရာ သက်တမ်း ၂နှစ်ရှိသည့် ကုမ္ပဏီ(သို့မဟုတ်) စီးပွားရေးအဖွဲ့များ၏ မှတ်ပုံတင်ကြေးကို ငွေကျပ် ၇၀၀၀၀၊ သက်တမ်းတိုးကြေး ငွေကျပ် ၇၀၀၀၀၊ ပြင်ဆင်ကြေးတစ်ချက်လျှင် ငွေကျပ် ၃၀၀၀ ကောက်ခံသွားမည်ဖြစ်ကြောင်း၊ SMEလုပ်ငန်းများအတွက် မှတ်ပုံတင်ကြေး ငွေကျပ် ၅၀၀၀၀၊ သက်တမ်းတိုးကြေး ငွေကျပ် ၅၀၀၀၀၊ ပြင်ဆင်ကြေးတစ်ချက်လျှင် ငွေကျပ် ၃၀၀၀ နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်း မှတ်ပုံတင်ကြေးမှာ ငွေကျပ် ၃၀၀၀၀၊ သက်တမ်းတိုးကြေး ငွေကျပ် ၃၀၀၀၀၊ ပြင်ဆင်ကြေးတစ်ချက်လျှင် ငွေကျပ် ၃၀၀၀ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# မိမိတို့၏ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

# မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိ

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ H.E. Ms. Ma Jia၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong၊ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun နှင့်အဖွဲ့ဝင်များတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ နေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ အေးအတူပူအမျှအသိုက်အဝန်းကို အတူတကွ တည်ဆောက်ထားသည့် နိုင်ငံများဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့၏ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြောကြားသည်။

### အခိုင်အမာထောက်ခံ

ထို့နောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်း နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကို အခိုင်အမာထောက်ခံပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်နေမှုနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် EAO အဖွဲ့များ၏ မြို့ရွာများအပေါ် တိုက်ခိုက်မှု ဖြစ်စဉ်များနှင့် ပတ်သက်၍လည်း တရုတ်နိုင်ငံအနေဖြင့် ဆန့်ကျင်ပါကြောင်း ပြောကြားသည်။

### ဆွေးနွေး

ယင်းနောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေး ဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

တို့သည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်း နိုင်ငံများဖြစ်ပြီး ယခင်ကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေမှုများကိုလည်း ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အလေးထားပူးပေါင်း

သတင်းစဉ်

❖ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေး လိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး နှစ်နိုင်ငံဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၄

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့ ည ၇ နာရီ ၁၀ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။

## အမြင်ချင်းဖလှယ် ဆွေးနွေး

အဆိုပါ နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ဆက်လက်ပိုမိုခိုင်မာလာစေရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သည့် ကူညီပံ့ပိုးမှုများ ဆက်လက်ပေးအပ်သွားရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့သွားမည့် အခြေအနေ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံအပြန်အလှန် ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ထို့ပြင် ဒုတိယဝန်ကြီးချုပ်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးစဉ်။

ညပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့အား Horizon Lake View ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

သတင်းစဉ်



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံစဉ်။




ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ တို့ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်လျက်ရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။

### တက်ရောက်

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထဲရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ နယ်စပ် ရေးရာဝန်ကြီးဌာန၊ စွမ်းအင် ဝန်ကြီးဌာနနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့မှ ဝန်ထမ်း မိသားစုများနှင့် အလှူရှင်များ က ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြု ပေးအပ်ခြင်းကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်း ရိပ်သာ၌ ပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကိုလွင်၊ ပြည်ထောင်စု ရာထူးဝန်ဥက္ကဋ္ဌ ဦးအောင်သော်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူ များ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်း မိသားစုများက ငွေကျပ်သိန်းသုံးရာ နှင့် ငွေကျပ်သိန်းနှစ်ရာတန်ဖိုး ရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဝန်ထမ်း မိသားစုများက ငွေကျပ်သိန်း ငါးဆယ်နှင့် ငွေကျပ်နှစ်ဆယ့် နှစ်သိန်းတန်ဖိုးရှိ စားသောက် ဖွယ်ရာများကို လည်းကောင်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်းတစ်ရာနှင့် ငွေကျပ်သိန်း သုံးရာတန်ဖိုးရှိ စားသောက် ဖွယ်ရာများကို လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်း မိသားစုများက ငွေကျပ်လေးရာ့ ငါးသိန်းကျော်တန်ဖိုးရှိစားသောက် ဖွယ်ရာများကို လည်းကောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ ဝန်ထမ်းမိသားစုများနှင့် နိုင်ငံ့ ဝန်ထမ်း တက္ကသိုလ်များရှိ သင်တန်းသား သင်တန်းသူများက ငွေကျပ်ခြောက်ဆယ့်သုံးသိန်းနှင့် ငွေကျပ် သိန်းတစ်ရာ့တစ်ဆယ် တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ကိုလည်းကောင်း၊ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၇) ကျောင်းဆင်းအရာရှိမိသားစု များက ငွေကျပ်တစ်ဆယ့် ခုနစ်သိန်းကို လည်းကောင်း လှူဒါန်းကြရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကော်မရှင်ဥက္ကဋ္ဌများနှင့် အလှူရှင် များက တိုင်းမှူးထံ အသီးသီး ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

### ဆက်လက်ပို့ဆောင်မည်

အဆိုပါ စားသောက်ဖွယ်ရာ များအား ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ရှုပ်ရှုပ်ချုံချုံတာဝန် ထမ်းဆောင်လျက်ရှိသည့် လုံခြုံ ရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ် အရောက် ဆက်လက်ပို့ဆောင် ပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

သတင်းစဉ်

## ဥပဒေဘာသာပြန်ကော်မရှင် အမိန့်အမှတ် ၃ / ၂၀၂၄ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဥပဒေဘာသာပြန်ကော်မရှင်

အမိန့်အမှတ် ၃ /၂၀၂၄

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဖော်ပြပါဥပဒေများကို ဥပဒေ ဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (က) အရ မြန်မာဘာသာသို့ ပြန်ဆို၍ အတည်ပြုပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာလိုက်သည်-

(က) The Anand Marriage Act

(ခ) The Caste Disabilities Removal Act

(ဂ) The Hindu Disposition of Property Act

(ဃ) The Hindu Inheritance (Removal of Disabilities) Act

(င) The Hindu Law of Inheritance Amendment Act

(စ) The Hindu Gains of Learning Act

(ဆ) The Mussalman Wakf Act

(ဇ) The Mussalman Wakf Validating Act

(ဈ) The Kazis Act

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ဒေါက်တာသီတာဦး)

ဥက္ကဋ္ဌ

ဥပဒေဘာသာပြန်ကော်မရှင်

## ဗဟိုဘဏ်၏အတိုးနှုန်း၊ ဘဏ်များက အပ်ငွေများအပေါ် ပေးသည့်အတိုးနှုန်းနှင့် ချေးငွေများအပေါ် ကောက်ခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုနှုန်းအား အထိုက်အလျောက် လျော့ကျစေရန်၊ ပြည်သူများအနေဖြင့် ဘဏ်အပ်နှံငွေပေါ်မှ အတိုးဝင်ငွေပိုမိုရရှိစေရန်၊ ဘဏ်များ၏ချေးငွေထုတ်ချေးနိုင်မှု ပိုမိုလာပြီး စီးပွားရေးတိုးတက်မှုအား အထောက် အကူပြုစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ဗဟိုဘဏ်အတိုးနှုန်း၊ ဘဏ်များက အပ်ငွေ များအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ် ကောက်ခံနိုင်သည့် အတိုးနှုန်း များကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) ဗဟိုဘဏ်အတိုးနှုန်းအား လက်ရှိ ၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းသို့ တိုးမြှင့် သတ်မှတ်သည်၊

(ခ) ဘဏ်များက အပ်ငွေများအပေါ်ပေးရမည့် အနည်းဆုံးအတိုးနှုန်းကို ၇ ရာခိုင်နှုန်းနှင့် ချေးငွေများအားလုံးအတွက် ကောက်ခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ၁၅ ရာခိုင်နှုန်း သတ်မှတ်သည်၊

(ဂ) ဘဏ်များအနေဖြင့် မိမိတို့၏အမြတ်ရနိုင်စွမ်းနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲ နိုင်မှုအရ အပ်ငွေနှင့်ချေးငွေအတိုးနှုန်းများအား ၇ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအတွင်း သတ်မှတ်ရန်ဖြစ်သည်။

၂။ နိုင်ငံတော်၏မူဝါဒအရ လက်ရှိထုတ်ချေးပေးလျက်ရှိသည့် အထူးချေးငွေများ၏ အတိုးနှုန်းများသည် ပြောင်းလဲမှုမရှိပါ။

၃။ ယခုအတိုးနှုန်းပြင်ဆင်ချက်သည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၁၄.၈.၂၀၂၄





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဆည်တော်လေးရေလွှဲဆည်မှတစ်ဆင့် ဆည်တော်ကြီးရေသောက်စနစ် မန္တလေးတူးမြောင်းမကြီးအတွင်းသို့ ရေဝင်ရောက်မှုအခြေအနေအား ကွင်းဆင်းစစ်ဆေး

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရှိ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ညနေပိုင်းက ဆည်တော်လေးရေလွှဲဆည်မှတစ်ဆင့် ဆည်တော်ကြီးရေသောက်စနစ် မန္တလေးတူးမြောင်းမကြီးသို့ ရေဝင်ရောက်မှုနှင့် ပျိုးထောင်ထားသည့် မိုးစပါးပျိုးခင်းများသို့ ရေပေးသွင်းထားမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ ဆည်တော်ကြီးရေသောက်စနစ် တမုတ်ဆိုး(ဘီ)လက်တံမြောင်းသို့လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီးကျေးရွာရှိ ဆည်တော်ကြီးရေသောက်စနစ် မန္တလေးတူးမြောင်းမကြီးသို့လည်းကောင်း ရောက်ရှိပြီး ဆည်တော်လေးရေလွှဲဆည်မှ ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဩဂုတ်လ ၁၂ ရက် နံနက်ပိုင်းတွင် ဆည်တော်လေးရေလွှဲဆည်၏ ရေဆင်းဧရိယာဖြစ်သော ပြင်ဦးလွင်မြို့၌ မိုးရေချိန် ၂ ဒသမ ၃၂ လက်မ ရွာသွန်းခဲ့မှုကြောင့် နားငွေ့ောင်းကျချောင်းမှ စီးဝင်ရေ၊ ဆည်တော်လေးရေလွှဲဆည် ရေထိန်းတံခါးမှ ဆည်တော်လေးမြောင်းမတော်မြောင်းသို့ ရေပေးသွင်းခဲ့မှုနှင့် မန္တလေးတူးမြောင်းမကြီးအတွင်းသို့ ရေများဝင်ရောက်နေမှု၊ မန္တလေးတူးမြောင်းမကြီးအတွင်း စီးဝင်ရေများမြောင်းမကြီးအတွင်း စုဆောင်းသိုလှောင်ထားရှိမှုနှင့် ရေလိုအပ်သည့်အချိန်တွင် မန္တလေးတူးမြောင်းမကြီးအောက်ပိုင်း အမရပူရမြို့နယ်ရှိ မိုးစပါးစိုက်ပျိုးရေဖြည့်စွက်ပေးဝေနိုင်ရေးနှင့် သောက်သုံးရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့အား လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံမှ မန္တလေးတူးမြောင်းမကြီးအတွင်း ရေဝင်ရောက်မှုမရှိတော့သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စနစ်တကျကြီးကြပ်၍ ဆည်တော်ကြီးရေကို အားထားအသုံးပြုနေကြရသည့် တောင်သူလယ်သမားများအတွက် ပုံမှန်စိုက်ပျိုးရေများနှင့် ဒေသခံပြည်သူလူထု သောက်သုံးရေများအတွက် ရေကူဖြည့်တင်းပေးနိုင်ရေး အလေးထားကာ ရေအရင်းအမြစ်မျိုးစုံမှ နည်းလမ်းမျိုးစုံဖြင့်ရယူ၍ ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ စုဆောင်းသိုလှောင်ရေများကို စိုက်ပျိုးရေးကဏ္ဍတွင် ထိရောက်စွာ ဖြည့်စွက်သုံးစွဲသွားရေးတို့ကို ဌာနချင်းချိတ်ဆက်၍ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းပြောကြားပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





## စာပတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အမှတ်(၂၈)အခြေခံပညာအလယ်တန်းကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂၈) အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်ရည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးရှိုးမွန်က လူငယ်နှင့်အားကစားအကြောင်းသိကောင်းစရာများကို ဟောပြောသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကျောင်းသား၊ ကျောင်းသူများအား စာပေနှင့်ပတ်သက်သောအကြောင်းအရာများကို အကျယ်တဝင့် ဟောပြောသည်။

ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူးက အားကစားပစ္စည်းများကို လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊စာစောင်များနှင့်နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(၀၅၆)

၀-၀-၀-၀-၀

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Wang Yibo ၏ ၂၇ နှစ်ပြည့် မွေးနေ့ဆုတောင်းပေးသူများပြားခဲ့




တရုတ်အနုပညာရှင် ဝမ်ရိဘိုး၏ ၂၇နှစ်ပြည့်မွေးနေ့ကို ကမ္ဘာတစ်ဝန်းပရိသတ်များ၊ အနုပညာရှင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းမိတ်ဆွေများစသဖြင့် ဆုမွန်ကောင်း တောင်းပေးထားကြရာ ထူးခြားသောမွေးနေ့ဆုတောင်းစာလည်းပါဝင်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရှည်တွင်"မင်္ဂလာပါ အသက်၂၇နှစ်အရွယ် ရိဘို၊ အချိန်တွေက ပိုမြန်ပြီး ပိုမြန်နေပုံရပြီး ပြီးခဲ့တဲ့နှစ် စာမျက်နှာကိုလှန်ကြည့်ဖို့ အချိန်မရသေးခင် မင်းရဲ့ ၂၇နှစ်မြောက် နွေရာသီကို ဖြတ်သန်းခဲ့ရတဲ့ ဘဝ၊ ဒီနှစ်မှာ မင်းပိုသိလာတယ်။ ရေထဲကျောက်စရစ်ခဲပြုတ်ကျလို့ ဖြစ်ပေါ်လာတဲ့ လှိုင်းလုံးလို၊ သင်သည်လူတွေကို ဆန်းသစ်တဲ့ အံ့ဖွယ်ရာများကို အမြဲဆောင်ကျဉ်းပေးနိုင်ပါတယ်။

ဂီတမှာ တောက်ပတဲ့အခိုက်အတန့်ဖြစ်ပြီး ဇာတ်ကောင်မှာ သင်၏ ရိုးသားမှုနှင့် စိတ်အားထက်သန်မှုကို ပြန်ကြည့်ကာ သင်၏ခံနိုင်ရည်နှင့် အာရုံစူးစိုက်မှုကို သက်သေပြခဲ့တယ်။ လူတွေကြားမှာ အချိန်ခြားနားမှု အမြဲရှိပေမဲ့ သတင်းကောင်းက သင်ရိုက်ကူးထားတဲ့ နံနက်ခင်းနဲ့ ညနေပိုင်း၊ နွေရောညပါ လှိုင်းလုံးတွေနဲ့ စိတ်လှုပ်ရှားမှုများကို ဖြစ်ပေါ်စေတဲ့နောက်ဆုံးမှာ နောက်လူရဲ့မျက်လုံးဆီ ကူးသွားမှာဖြစ်တယ်။ ပျော်ရွှင်စရာမွေးနေ့ဖြစ်ပါစေ။

ဒီနေ့ကောင်းတယ်၊ မနေ့ကလည်းကောင်းတယ်၊ မနက်ဖြန်ပိုကောင်းလာမှာ သေချာတယ်၊ မင်းရဲ့နှလုံးသားခရီးက အဆုံးမရှိ တောင်တွေမြစ်တွေကို ဖြတ်ပြီး မင်းလိုချင်သလောက် ကြီးပွားပါစေလို့ ဆုတောင်းပါတယ်" ဟု ရေးသားထားသည်။

(SKY)



## အသံဖြင့်အပူချိန်မှန်းဆနိုင်သော လူ့အာရုံခံစနစ်ကို အစ္စရေးသိပ္ပံပညာရှင်များ လက်တွေ့စူးစမ်းလေ့လာ

လူတိုင်းတွင် အမြင်၊အကြား၊အနံ့ခံ၊အထိအတွေ့နှင့် အရသာခံစားမှုဟူသော အာရုံငါးမျိုးရှိသည်ကို ယနေ့ခေတ်အာရုံကြောသိပ္ပံပညာရှင်များလက်ခံထားပြီး ဖြစ်သည်။

ယင်းအခြေခံအာရုံများနှင့် ဆက်နွယ်နေသော အခြားအာရုံများလည်းရှိသည်ဟု ယခုနောက်ပိုင်းတွင် ပညာရှင်များအဆင့်ဆင့် လေ့လာတွေ့ရှိလာခဲ့ကြသည်။

အစ္စရေးနိုင်ငံ ရိုက်ခ်မန်းတက္ကသိုလ် ဦးနှောက်၊ အသိစိတ်နှင့်နည်းပညာဌာနမှ ပါရဂူဘွဲ့လွန် သုတေသန သဟာယပညာရှင် ဒေါက်တာ အဒီစနိုင်ယာ ဦးဆောင်သော ပညာရှင်များ မကြာသေးမီက အသံဖြင့် အပူချိန်မှန်းဆနိုင်သော လူ့အာရုံခံစနစ်အကြောင်း လက်တွေ့လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ လူတို့တွင် အသံကြားရုံမျှဖြင့် အပူချိန်ကို မှန်းနိုင်သောအစွမ်းသတ္တိရှိကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

(SCI)

## သေနတ်ပစ် အားကစားမယ် Kim Yeji ပဲရစ်အိုလံပစ်တွင် ကမ္ဘာ့စံချိန်ချိုးခဲ့




တောင်ကိုရီးယားအနုပညာရှင် ဂျောင်ဒိုယွမ်နှင့် ရုပ်ချင်းဆင်သည့်သေနတ်ပစ်အားကစားမယ် ကင်ရီဂျီသည် ပဲရစ်အိုလံပစ်တွင် ကမ္ဘာ့စံချိန်ချိုးသွားနိုင်ခဲ့၍ ပရိသတ်ကြားရေပန်းစားနေသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သေနတ်ပစ်အားကစားသမားကင်ရီဂျီသည် ကမ္ဘာ့စံချိန်ချိုးသွားသည့်ပုံစံမှာ ကျွမ်းကျင်မှုရှိလွန်း၍ ပရိသတ်ကြားရေပန်းစားခဲ့သည်ကို တွေ့ကြရသည့်အပြင် တူရကီနိုင်ငံမှ သေနတ်ပစ်အားကစားသမား Yusuf Dikec မှာလည်း (၅၁)နှစ်နှင့် လွတ်လပ်စွာပြိုင်ပွဲဝင်ခဲ့ပြီး ငွေတံဆိပ်ရရှိကာ လူကြိုက်များခဲ့သည်။

ရွှေတံဆိပ်ဆုကို တရုတ်ရိုင်ဖယ်ပစ် သေနတ်သမား Liu Yukun ကရရှိခဲ့ပြီး ၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ်ပွဲတွင် လူကြိုက်များ အားပေးမှုရရှိခဲ့ကြသူများကာ ကမ္ဘာကျော်များအဖြစ်မြင်တွေ့ကြရသည်။

(SKY)

## Glen Powell ၏ ရုပ်ရှင်သစ် Twisters ဝင်ငွေအရ အောင်မြင်မှုရ

ဟောလိဝုဒ်အနုပညာရှင် ဂါလန်ပိုဝဲလ် ပါဝင်ထားသည့် ရုပ်ရှင်သစ် Twistersမှာ ဝင်ငွေအရ အောင်မြင်မှုရရှိထားပြီး ပြည်တွင်း၊ ပြည်ပပရိသတ် အားပေးထားကြသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကား အမည်တူကို ၁၉၉၆ ခုနှစ်တွင် ထုတ်လွှင့်ထားပြီး Twister ၏ Standalone Sequel ဖြစ်ကာ ဖျက်အားပြင်းသည့် မုန်တိုင်းတစ်ခုကို ရင်ဆိုင်ရပုံအကြောင်း ပြသထားသည်။

လက်ရှိ Twisters မှာ ပြည်တွင်း၊ ပြည်ပ ရုံတင်ဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၂ သန်းအထိ ရရှိထားပြီး မြောက်အမေရိကဒေသတွင်းမှာပင် ရုံတင်ငွေ ၇၄ သန်း




ကျော်ထိ ရရှိနိုင်သည်ဟု စောင့်ကြည့်လေ့လာသူများက မှတ်ချက်ပေးထားကြသည်။

ဒါရိုက်တာလီအက်အွေချုန်က ရိုက်ကူးထားကာ ဂါလန်ပိုဝဲလ်၊ ဒေစီအက်ဂါဂျိုးစ်၊ လီနန်ရှစ်ကာနှင့် ဒေမစ်ကိုရန်စွက်တို့ အဓိကပါဝင်ထားသည်။

(SKY)

## Pushpa 2 ရုပ်ရှင် ၂၀၂၅ ခုနှစ်ထိ ရွှေ့ဆိုင်းရာ အပိုင်း ၃ ထိ ပြင်ဆင်နေ

ဟောလိဝုဒ်ရုပ်ရှင် Push-pa 2 ကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ရုံတင်ရန်ကြော်ငြာခဲ့ပြီးမှ ထုတ်လုပ်သူက ၂၀၂၅ ခုနှစ်ထိ ရွှေ့ဆိုင်းလိုက်ကာ အပိုင်းသုံးအထိ ထွက်ရန်ပြင်ဆင်နေသည်ဟု ဟောလိဝုဒ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို အပိုင်းသုံးအထိ ဇာတ်လမ်းဆွဲဆန့်ရန် ရည်ရွယ်ထားသဖြင့် အပိုင်းနှစ်ဇာတ်သိမ်းပိုင်းအတွက် ခဏခဏ ပြင်ဆင်စဉ်းစားနေသဖြင့် ကြန့်ကြာနေရာမှ ၂၀၂၅ ခုနှစ် အထိ ရွှေ့ဆိုင်းလိုက်ခြင်း ဖြစ်သည်။

တောင်ပိုင်းအနုပညာရှင် အာလူးအာဂျွန်နှင့် ရာရှ်မီကာတို့ အဓိကပါဝင်ထားပြီး ပရိသတ်စိတ်ဝင်စားမှု မြင့်မားစွာရရှိထားကာ အာလူးအာဂျွန် အထူးပါဝင်သရုပ်ဆောင်ထားသည့် ရုပ်ရှင်ဖြစ်သည်။

(SKY)




## Gulf Kanawut ဇာတ်ကားသစ်နှင့် မြင်တွေ့ရ

ထိုင်းအနုပညာရှင် ဂေါ်သ် ကန်နာဝပ်သည် အနုပညာလောကမှ တစ်နှစ်ကြာပျောက်ကွယ်နေပြီး ဇာတ်ကားသစ်နှင့် အတူ မြင်တွေ့ကြရမည်ဖြစ်သည်ဟု ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂေါ်သ်ကန်နာဝပ်သည် အနုပညာလုပ်ငန်းများနှင့် တစ်နှစ်ကြာဝေးကွာနေရာမှ ချောမောခံ့ညားမှုနှင့်အတူ ပွဲတက်ရောက်လာပြီး ပရိသတ်ကြား ဆွဲဆောင်အားပြင်းနေခဲ့သည်။

ဇာတ်ကားသစ်အချစ်ဇာတ်လမ်းဒရမ်မာတစ်ခုတွင် ဂေါ်သ်ကန်နာဝပ် ပါဝင်ရန်ရှိပြီး မင်းသမီးကို ကြေညာထားခြင်း မရှိသေးသောကြောင့် ပရိသတ်စိတ်ဝင်စားနေကြသည်။

သူပါဝင်ထားသော ဇာတ်ကားများတွင် အနုပညာစွမ်းရည်ပြည့်ဝသူဖြစ်ပြီး ကြောင်ချစ်သူလည်းဖြစ်၍ ပရိသတ်က ဂေါ်သ်ကန်နာဝပ်ကို အချစ်ပိုခဲ့ကြသည်။

(SKY)

## Paris Hayttan က စပိန်ကိုလိုနီဗိသုကာဟန်နှင့် ခွေးစံအိမ်ဝယ်ယူထား

ကမ္ဘာကျော်အနုပညာရှင်ဖြစ်ခဲ့သည့် ပဲရစ်ဟေးလ်တန်က သူ၏ခွေးများအတွက် ခွေးစံအိမ်ကို စပိန်ကိုလိုနီဗိသုကာဟန်နှင့် ဆောက်လုပ်ထားသည့် နှစ်ထပ်အိမ်ကို ဝယ်ယူခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါခွေးစံအိမ်ကို နွေရာသီအပူဒဏ်မခံရစေရန် ခွေးများအတွက် အမေရိကန်ဒေါ်လာ သုံးသိန်းနှစ်သောင်းငါးထောင်နှင့် ဝယ်ယူခဲ့ခြင်း ဖြစ်သည်။




ယင်းခွေးစံအိမ်မှာ နှစ်ထပ်အိမ်တစ်လုံးဖြစ်ပြီး ဒုတိယထပ်တွင် လသာဆောင် ပါဝင်ကာ လော့စ်အိန်ဂျလိမြို့ကြီး၏ ရှုမျှော်ခင်းများ မြင်တွေ့ရပြီး အိမ်အတွင်းပိုင်းတွင် ပန်းရောင်နံရံနှင့် အနက်ရောင် သံလေ့ကားမီးဆိုင်းကြီးများ ပါဝင်ထားသည်။

(SKY)



ပါလက်စတိုင်းသမ္မတ မာမွတ်အက်ဘတ်စ်ကို ရုရှားသမ္မတ ဗလာဒီမာပူတင် ဩဂုတ် ၁၃ ရက်က မော်စကိုမြို့တော်၌ လက်ခံတွေ့ဆုံစဉ်။ Mon

## လျှပ်စစ်စကူတာများ ပိတ်ပင်ခြင်းခံရသဖြင့် မဲလ်ဘုန်းမြို့နေလူထု ဘဝင်မကျဖြစ်နေကြ

**ကင်ဘာရာ ဩဂုတ် ၁၄**

လျှပ်စစ်စကူတာများ ပိတ်ပင်ခြင်းခံရသဖြင့် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့နေလူထု စိတ်ဘဝင်မကျဖြစ်နေကြကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက စတင်ခွင့်ပြုခဲ့သော လျှပ်စစ်စကူတာများ မဲလ်ဘုန်းမြို့တွင် ရေပန်းစားလာသဖြင့် အငှားလုပ်ငန်းများပင် ပေါ်ပေါက်လာခဲ့သည်။

ယခုနောက်ပိုင်းတွင် တစ်နာရီ ၁၆ မိုင်နှုန်းအထိ မောင်းနှင်နိုင်သော ထိုလျှပ်စစ်စကူတာများကို မဆင်မခြင်မောင်းကာ အများပြည်သူကို အနှောင့်အယှက်ဖြစ်စေသဖြင့် ပိတ်ပင်လိုက်ရခြင်းဖြစ်သည်ဟု မဲလ်ဘုန်းမြို့တော်ဝန်က ရှင်းပြကြောင်း သိရသည်။ **Mon**





## အယ်လ်ဒီပီပါတီဥက္ကဋ္ဌသစ် တင်မြှောက်ပြီးလျှင် ဂျပန်ဝန်ကြီးချုပ် ကိရှိဒ ရာထူးစွန့်လွှတ်တော့မည်ဟု ဆို

**တိုကျို ဩဂုတ် ၁၄**

လက်ရှိ ဂျပန်အာဏာရ အယ်လ်ဒီပီပါတီအနေဖြင့် ဥက္ကဋ္ဌသစ် ရွေးကောက်တင်မြှောက်ပြီးလျှင် မိမိရာထူးစွန့်တော့မည်ဟု ဂျပန်ဝန်ကြီးချုပ် ကိရှိဒ ဩဂုတ် ၁၄ ရက်တွင် အတည်ပြုပြောဆိုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၂၁ ခုနှစ်ကတည်းက ဂျပန်ဝန်ကြီးချုပ်အဖြစ် အာဏာရခဲ့သော ကိရှိဒသည် အယ်လ်ဒီပီပါတီဟု အဆိုကောက်ခေါ်ဝေါ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအတွင်း အဂတိလိုက်စားမှုများကို မထိန်းချုပ်နိုင်ခဲ့ရာမှ လူထုအားပေးထောက်ခံမှု လျော့နည်းသည်ထက် လျော့နည်းလာခဲ့သည်။ စင်စစ်တွင် ယင်းပါတီသည် ၁၉၅၅ ခုနှစ်မှ ယနေ့အထိ ဂျပန်နိုင်ငံတွင် ဆက်တိုက်နီးပါး အာဏာရခဲ့သည်။

အကယ်၍ ပါတီဥက္ကဋ္ဌအဖြစ် ၄င်းဆက်ရှိနေပြီး ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲဝင်လျှင် အယ်လ်ဒီပီပါတီ အရှုံးနှင့် ရင်ဆိုင်ရလိမ့်မည်ဟု ထင်မြင်ယူဆသူများ အားကောင်းလျက်ရှိသည်။

စက်တင်ဘာလတွင် အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးကောက်ပွဲကျင်းပရန်ရှိသည်ဟု ဖုမိအော ကိရှိဒက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ **Mon**

## ထိုင်းဝန်ကြီးချုပ် ဆရက်သာ သာဗီဆင် တရားရုံးအမိန့်ဖြင့် ရာထူးမှ ထုတ်ပယ်ခံရ



**ဘန်ကောက် ဩဂုတ် ၁၄**

အသက် ၆၇ နှစ်အရွယ် ထိုင်းဝန်ကြီးချုပ် ဆရက်သာ သာဗီဆင် ဩဂုတ် ၁၄ ရက်က နိုင်ငံတော်ဖွဲ့စည်းပုံဆိုင်ရာ ခုံရုံး၏ အမိန့်ဖြင့် ရာထူးမှ ထုတ်ပယ်ခံရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဖုထိုင်းပါတီရွေးကောက်ပွဲတွင် မဲအရေအတွက် သာလွန်ရရှိခဲ့ပြီးနောက် အများဆန္ဒအရ ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခြင်းခံခဲ့ရသော ဆရက်သာ သာဗီဆင်အနေဖြင့် အာဏာရပြီး တစ်နှစ်မပြည့်မီ ရာထူးမှ ထိုသို့ ဖယ်ရှားခံခဲ့ရခြင်းဖြစ်သည်။

အဂတိမှုဖြင့် ထောင်ဒဏ်ခြောက်လ ကျခံခဲ့ဖူးသော ပီချစ် ချူအင်ဘန်ကို ၄င်း၏ ထိုင်းအစိုးရအဖွဲ့တွင် ထည့်သွင်းခန့်အပ်ခဲ့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လွန်ဆန်သည်ဟု ဆိုကာ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်စေခြင်းဖြစ်သည်။

လွန်ခဲ့သော မေလတွင် ထိုင်းပါလီမန်အမတ် ၄၀ ဦးခန့်က ၄င်းကို ရာထူးမှ ဖယ်ရှားရန် အမှုတည်ဆောက်ပြီး ဖွဲ့စည်းပုံခုံရုံးသို့ တိုင်တန်းခဲ့ကြသည်ဟု ဆိုသည်။

မိမိအနေဖြင့် ရိုးဖြောင့်မှန်ကန်သည်ဟု အခိုင်အမာပြောနိုင်သော်လည်း အယူခံဝင်ခွင့်မရှိသော ခုံရုံး၏ ထုံးဖွဲ့စီရင်မှုကို လက်ခံရမည်သာဖြစ်သည်ဟု ဆရက်သာ သာဗီဆင်က သတင်းထောက်များကို ထုတ်ဖော်ပြောကြားသည်။

၄င်းသည် ၁၆ နှစ်အတွင်း ထိုခုံရုံး၏အမိန့်ဖြင့် ရာထူးမှဖယ်ရှားခံရသော တတိယမြောက် ထိုင်းဝန်ကြီးချုပ်ဖြစ်ကြောင်း သိရသည်။ **Mon**




## တောင်အာရှဒေသတွင် မုတ်သုံမိုးအားကောင်း အိန္ဒိယနှင့် နီပေါ၌ ရေကြီး၊ မြေပြိုကျမှုဖြစ်ပွား

**ဒေလီ ဩဂုတ် ၁၄**

တောင်အာရှဒေသတွင် ယခုလက်ရှိ မုတ်သုံမိုးအားကောင်းလျက်ရှိရာ အိန္ဒိယနှင့်နီပေါ နှစ်နိုင်ငံ၌ ရေကြီး၊ မြေပြိုမှုများဖြစ်ပွားနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ဇွန်လမှစတင်၍ အဆိုပါနှစ်နိုင်ငံတွင် မုတ်သုံမိုးသည်းထန်စွာရွာသွန်းပြီး ရေဘေးသင့်မှုအခြေအနေ ဆိုးရွားခဲ့သဖြင့် လူပေါင်းရာနှင့်ချီ၍ သေဆုံးကာ ပျောက်ဆုံးသူများလည်းရှိခဲ့သည်။

မေနှင့် ဇွန်လဆန်းအထိ အိန္ဒိယနိုင်ငံတစ်ဝန်းတွင် အပူချိန် လွန်ကဲခဲ့ပြီးနောက် မုတ်သုံရာသီအတွင်း၌ မိုးရွာသွန်းရာတွင်လည်း အလွန်သည်းထန်ခဲ့ပြန်သည်။

အလားတူ နီပေါနိုင်ငံတွင်လည်း အပူနှင့် မုတ်သုံမိုးလွန်ကဲသောဖြစ်စဉ် ကြုံတွေ့ခဲ့ရသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် ယခုအပတ်အတွင်း မိုးပိုမိုသည်းထန်စွာရွာသွန်းနိုင်သည်ဟု မိုးလေဝသစခန်းများက ကြိုတင်ခန့်မှန်းကာ သတိပေးထားကြသည်။

နီပေါနိုင်ငံတွင် ဇွန်လလယ်မှစတင်၍ မိုးကြီးခဲ့ရာ ရေကြီး၊ မြေပြိုမှုများကြောင့် လူပေါင်း ၁၇၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **Mon**



## နယူးဇီလန်နိုင်ငံ၌ပေးဝေသော ချိုချဉ်များထဲတွင် မက်သာအမ်ဖက်တမင်းဆေးများပါနေ

**ဝယ်လင်တန် ဩဂုတ် ၁၄**

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့၌ မကြာသေးမီက ပေးဝေသော ချိုချဉ်များထဲတွင် စိတ်ကိုပြောင်းလဲစေတတ်သည့် မက်သာအမ်ဖက်တမင်းမူးယစ်ဆေးများ ပါနေသည်ကို အချိန်မီဖော်ထုတ်ခဲ့သည်ဟု ဒေသခံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အော့ကလန်မြို့ ခရစ်ယာန်သာသနာပြုအသင်းတော်က လမ်းဘေးရှိ အိမ်ရာမဲ့များနှင့် ဆင်းရဲသူ၊ ဆင်းရဲသားများကို နာနတ်သီးအရသာပါသည်ဆိုသော ချိုချဉ်များကို ပေးဝေခဲ့သည်။

ပေးဝေပြီးမှ ယင်းချိုချဉ်များထဲ၌ မူးယစ်ဆေးဝါးများ ပါရှိနေကြောင်း သိရသဖြင့် သက်ဆိုင်ရာက ထိုချိုချဉ်များကို လုံးဝစားသုံးခြင်းမပြုရန် လိုက်လံတားမြစ်ခဲ့ရသည်။

နယူးဇီလန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့မှ ကျွမ်းကျင်သူများ ဓာတ်ခွဲစစ်ဆေးလိုက်သောအခါ ချိုချဉ်တစ်လုံးစီတွင် မက်သာအမ်ဖက်တမင်း ၃ ဂရမ်ခန့် ပါဝင်နေကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးပမာဏသည် မူးယစ်ဆေးစွဲနေသူတစ်ဦး တစ်ကြိမ်သုံးလေ့ရှိသည့် ပမာဏထက် အဆရာနှင့်ချီ၍ များပြားနေကြောင်း ထိုအဖွဲ့မှ တာဝန်ရှိသူက ထုတ်ဖော်ပြောကြားသည်။

သာမန်လူတစ်ဦး ချိုချဉ်စုပ်ရင်း ထိုမက်သာအမ်ဖက်တမင်းကို မျိုချမိခဲ့မည်ဆိုလျှင် သေဆုံးနိုင်ကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀



## မျောက်ကျောက်ရောဂါကူးစက်မှုအခြေအနေ ဆိုးရွား အာဖရိက၌ လူထုကျန်းမာရေးကို ခြိမ်းခြောက်လာ

**ကိပ်တောင်း ဩဂုတ် ၁၄**

မျောက်ကျောက်ရောဂါကူးစက်မှုအခြေအနေ ဆိုးရွားလျက်ရှိရာ အာဖရိက၌ လူထုကျန်းမာရေးကို ခြိမ်းခြောက်လာသောအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကွန်ဂို တစ်နိုင်ငံတည်းတွင် နှစ်အစမှ ယခုချိန်အထိ ထိုရောဂါကူးစက်ခံရသူပေါင်း ၁၃၇၀၀ ကျော်ရှိပြီး လူ ၄၅၀ ဦး သေဆုံးခဲ့သည်။

တစ်ကိုယ်လုံး အဖုအပိန့်နှင့် အနာစိုများပေါက်စေသော ထိုရောဂါကူးစက်မှုကို အာဖရိက လူထုကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာထားကြောင်း သိရသည်။ **Mon**



၀-၀-၀-၀-၀

# မုံရွာမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် လောင်းလုံးမြို့နယ်အတွင်း တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု မဟုတ်မမှန်ရေးသား

**နေပြည်တော် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ထနောင်းတောတောင်ရွာ ဈေးတန်းကို တပ်မတော်က ဩဂုတ် ၁၃ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူ ၁၁ ဦး သေဆုံးပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ မုံရွာမြို့နယ် အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ မုံရွာမြို့နယ် အတွင်း ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သောင်းကျန်းသူများက အဝေးမှ လက်လုပ်လက်နက်ကြီးများ၊ Drop Bomb များ၊ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ၎င်းတို့ပစ်ခတ်သည့် လက်နက်ကြီး ကျည်များသည် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ထိမှန်ခြင်းမရှိဘဲ လူနေအိမ်များ အပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း သိရှိရပြီး အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် အထောက်အထားမဲ့ သတင်းမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဩဂုတ် ၁၁ ရက်တွင် ခင်ဦးမြို့နယ် အတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် အဘွားအိုတစ်ဦး သေဆုံးခဲ့သည်ဟုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ က ဩဂုတ် ၁၂ ရက်တွင် လောင်းလုံး မြို့နယ်အတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုပြုလုပ် ခဲ့သည်ဟုလည်းကောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ ရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းများ ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ပခုက္ကူ ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများ ရောင်းချမှု ရှိ၊ မရှိအခြေအနေများကို ယမန်နေ့ နံနက်စနာရီက တာဝန်ရှိသူများ ရောင်တခင်ကွင်းဆင်းစစ်ဆေးကြ သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများပူးပေါင်းပြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ အလှကုန်ပစ္စည်းအရောင်းဆိုင်များ၌ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA)မှ တရားဝင် အသိပေးထုတ်ပြန်ထားသည့် သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်း ၄၈ မျိုးအား ရောင်းချမှုရှိ၊ မရှိ၊ သက်တမ်းလွန် အလှကုန်ပစ္စည်းများ၊ စံချိန်စံညွှန်းအရည်အသွေးများနှင့်ကိုက်ညီမှုမရှိသည့် အလှကုန်ပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများ ရောင်းချမှုရှိ၊ မရှိအခြေအနေများကို ရောင်တခင်ကွင်းဆင်း စစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တာဝန်ရှိသူများက အလှကုန်ပစ္စည်းအရောင်းဆိုင်ပိုင်ရှင်နှင့်တွေ့ဆုံကာ တားမြစ်ဓာတုပစ္စည်းများဖြစ်သည့် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်တွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများဖြစ်ပွားစေသည့် အလှကုန်ပစ္စည်း ၄၈ မျိုးအား အာဆီယံဒေသတွင်း၌ တွေ့ရှိရပြီး တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အသိပေးထုတ်ပြန်ကြေညာထားပြီးဖြစ်ရာ တင်သွင်းရောင်းချခြင်းများ ပြုလုပ်ပါက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနက သုံးစွဲရန်သင့်ကြောင်း တရားဝင်ခွင့်ပြုထားသည့် အလှကုန်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချရေးတို့ကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြကြောင်း သိရသည်။

(၃၄၀)

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁၄**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့် တိုင်းပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ရက် နံနက် ၉ နာရီခွဲက အမရပူရမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးမြင့်ဆွေ ရဲမှူးကြီး(ငြိမ်း)က မိတ်ဆက်နှုတ်ခွန်းဆက်စကားနှင့် မူးယစ်ဆေးဝါးအမျိုးအစားများအကြောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန္တာဘုန်းဝင်းက ယနေ့လူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ အဖွဲ့ဝင် ဒေါ်ကြည်မြင့်က မူးယစ်ဆေးဝါးဥပဒေအကြောင်း၊ အဖွဲ့ဝင် ဒေါ်ဝင်းပပြုံးက Ketamine အန္တရာယ်အကြောင်းတို့ကို အသီးသီး ဟောပြောကြပြီး ကျောင်းသား၊ ကျောင်းသူများမှ မေးခွန်းများ မေးမြန်းခဲ့ကြသည်။



ဆက်လက်၍ MANA (mdy) အသင်းမှ လက်ကမ်းစာစောင်များပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရန်-မန်းလမ်းတွင် မော်တော်ယာဉ်ရှေ့ဘီးပေါက်၍ လမ်းလယ်ကျွန်းပေါ်တက်ပြီး ပန်းခုံများတိုက်မိ

**မန္တလေး ဩဂုတ် ၁၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်း၊ မြန်မာ့မီးရထားကုန်တင်ကုန်ချဘူတာရပ်ဝန်းအနီးတွင် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က မြောက်မှတောင်သို့ မောင်းနှင်လာသော မစ်ဆူဘီရှီအမျိုးအစား အိမ်စီးမော်တော်ယာဉ်သည် ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်တက်ပြီး ကွန်ကရစ်ပန်းအလှခုံများအား ဝင်ရောက်တိုက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်မတော်တဆမှုကြောင့် အိမ်စီးယာဉ်ရှေ့ခြမ်းနှင့်အောက်ပိုင်းပျက်စီးပြီး ပန်းအလှများစိုက်ပျိုးထားသော ကွန်ကရစ်ပန်းခုံလေးခုပျက်စီးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၅)**



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၈ ရက် နံနက် ၉ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ပင်လုံရပ်ကွက်ရှိ ထွင်မြတ်ဦး(ခ)အီးတီ၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ခင်မောင်ဆွေအား စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄၅ သိန်းနှင့်လည်းကောင်း ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား မန္တလေးမှ ကလေးသို့ သယ်ဆောင်ခိုင်းသူ ထွင်မြတ်ဦး(ခ)အီးတီအား ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်-မန္တလေးအမြန်လမ်း၊ (၂၀၁)မိုင်တိုင်းဂိတ်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## စိတ်ပြောင်းဆေးဝါး ကက်တမင်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၁၁ ရက် ည ၇ နာရီက တာချီလိတ်မြို့၊ ပါဆတ်ရပ်ကွက်တွင် ရှုလွှတ်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် ယေလာမိဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး ကက်တမင်းအလေးချိန် ၁ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရှုလွှတ်(၂၂)နှစ်နှင့် ယေလာမိ (၂၁)နှစ်ဆိုသူတို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူတိုင်း အလုပ်သမားဝန်ကြီးဌာနတွင် ပြည်ပအလုပ်သမားအဖြစ်မှတ်ပုံတင်၍ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) ရရှိမှသာ ပြည်ပသို့သွားရောက်လုပ်ကိုင်ကြရန် အသိပေးကြေညာချက်

၁။ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ဆ)ရှိ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များတွင် "အလုပ်သမားများက ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ ပြည်ပ အလုပ်အကိုင် သွားရောက်လုပ်ကိုင်ခြင်းမပြုစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း" ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ(ဈ) တွင် "အလုပ်သမားများအား ပြည်ပသို့မထွက်ခွာမီ စုံစမ်းစစ်ဆေး၍ အဖွဲ့ငယ်၏ စစ်ဆေးတွေ့ရှိချက်အရ ပြည်ပသို့ ထွက်ခွာရန် မသင့်ကြောင်းတွေ့ရှိပါက ပိတ်ပင်ခြင်း" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ ပုဒ်မ ၉ ပုဒ်မခွဲ (က)တွင်"ပြည်ပအလုပ်အကိုင်ရှာဖွေသူသည် ဦးစီးဌာနကမှတ်ပုံတင်ရမည် ဟု သတ်မှတ်ထားသော ပြည်ပအလုပ်အကိုင် အမျိုးအစားတစ်ခုခုကို ရှာဖွေခြင်းဖြစ်ပါက ပြည်ပ အလုပ်အကိုင်ရှာဖွေသူအဖြစ် ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

၃။ ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) တွင် ဦးစီးဌာနသည် "အလုပ်သမားအား ပြည်ပသို့မထွက်ခွာမီ မှတ်ပုံတင်ပေးပြီးကြောင်း အထောက်အထား သက်သေခံလက်မှတ် ထုတ်ပေးရမည်" ဟု ပြဋ္ဌာန်း ထားပါသည်။

၄။ ပြည်ပနိုင်ငံများသို့အကြောင်းအမျိုးမျိုးဖြင့် သွားရောက်နိုင်ရန်အတွက် လျှောက်ထားရမည့် နိုင်ငံကူးလက်မှတ်အမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | အလည် | (Passport for Visit - PV) |
| (ခ) | အလုပ် | (Passport for Job - PJ) |
| (ဂ) | ပညာသင် | (Passport for Education - PE) |
| (ဃ) | စီးပွားရေး | (Passport for Business - PB) |
| (င) | ဘာသာရေး | (Passport for Religious - PR) |
| (စ) | မှီခို | (Passport for Dependent - PT) |
| (ဆ) | သင်္ဘောသား | (Passport for Seaman - PS) |

၅။ ပြည်ပသို့အလုပ်လုပ်ကိုင်ရန်အတွက် သွားရောက်မည့်သူများသည် နိုင်ငံကူးလက်မှတ် အမျိုးအစားကို အလုပ်အကိုင်အတွက် ထုတ်ပေးသည့် (Passport for Job - PJ) အမျိုးအစား လျှောက်ထားရန်လိုအပ်မည်ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနတွင် မဖြစ်မနေ မှတ်ပုံတင်၍ ပြည်ပသို့သွားရောက်လုပ်ကိုင်ရန် လိုအပ်ပါသည်။

၆။ ယခုအခါ ပြည်ပနိုင်ငံများသို့ အလည်ဗီဇာဖြင့် သွားရောက်လည်ပတ်နိုင်ရန်ထုတ်ပေးသည့် (Passport for Visit - PV) အမျိုးအစားကိုင်ဆောင်သူများသည် အလည်အတွက်မဟုတ်ဘဲ အလုပ်အကိုင်ဗီဇာများ လျှောက်ထားရယူ၍ ပြည်ပသို့သွားရောက်လုပ်ကိုင်လျက်ရှိကြပြီး ပြည်ပတွင် အခက်အခဲပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်ပါက ကူညီဖြေရှင်းဆောင်ရွက်ပေးရန် အခက်အခဲများကြုံတွေ့ရလျက်ရှိပါသည်။

၇။ သို့ပါ၍ နိုင်ငံကူးလက်မှတ် (Passport for Visit - PV) အမျိုးအစားကိုင်ဆောင်၍ အလုပ်အကိုင်ဗီဇာများ လျှောက်ထားရယူပြီး ပြည်ပသို့ထွက်ခွာရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နယ်စပ်ဂိတ်များမှ စိစစ်တားမြစ်ခြင်းများခံရပါက မလိုလားအပ်သည့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန် ရည်ရွယ်ထားရှိပါက နိုင်ငံကူးလက်မှတ် စတင်လျှောက်ထားရာတွင် (Passport for Job- PJ) အမျိုးအစားကို လျှောက်ထားရယူရန် အလုပ်သမားဝန်ကြီးဌာနတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ပအလုပ်သမားအဖြစ် မှတ်ပုံတင်ပြီး ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူကာ တရားဝင်သွားရောက်လုပ်ကိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# ပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေနှင့် ပြည်ပမှ ဝင်ရောက်လာမည့် ဆီတင်သင်္ဘောများ၏ အခြေအနေများအရ စက်သုံးဆီပြတ်လပ်နိုင်ခြင်းမရှိ

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေနှင့် ပြည်ပမှ ဝင်ရောက်လာမည့် ဆီတင်သင်္ဘောများ၏ အခြေအနေများအရ စက်သုံးဆီပြတ်လပ်နိုင်ခြင်းမရှိကြောင်းနှင့် စုပြုံတန်းစီဝယ်ယူနေသည့် အရောင်းဆိုင်များအပြင် တန်းစီဝယ်ယူမှုနည်းပါးသည့် အခြားအရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူခြင်းဖြင့် ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။

ယခုရက်ပိုင်းအတွင်း ပုံမှန်ကာလများထက် ပိုမိုဝယ်ယူမှုကြောင့် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ စက်သုံးဆီအရောင်းဆိုင်အချို့တွင် ယာဉ်တန်းစီဝယ်ယူမှုများပြားပြီး ဆီသယ်ယာဉ် မရောက်မီကာလအတွင်း စက်သုံးဆီအမယ်အချို့ အချိန်ပိုင်းပြတ်လပ်မှုဖြစ်ပေါ်လျက်ရှိသဖြင့် ပုံမှန်ဖြန့်ဖြူးပေးမှုအပြင် လိုအပ်သည့်ဆိုင်များကို အရေးပေါ်ထပ်မံတိုးမြှင့် ဖြည့်တင်းဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် ပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေနှင့် ပြည်ပမှ ဝင်ရောက်လာမည့် ဆီတင်သင်္ဘောအနေနှင့် ပြည်ပမှ ဝင်ရောက်လာမည့် ဆီတင်သင်္ဘောများ၏ အခြေအနေအရ ပြည်သူများအနေဖြင့် စက်သုံးဆီပြတ်လပ်နိုင်မည်ဆိုသည့် စိုးရိမ်ကြောင့်ကြမှု ဖြစ်ရန်မလိုကြောင်းနှင့် စက်သုံးဆီပြတ်လပ်နိုင်ခြင်းမရှိနိုင်ကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားပြီး ဖြစ်သည်။

သို့ဖြစ်ပါ၍ Online Media များနှင့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုအပ်သည်ထက်ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချရန် ဝယ်ယူခြင်းတို့ မပြုလုပ်ကြပါရန်၊ လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲကြပါရန်နှင့် အရောင်းဆိုင်အချို့တွင်သာ စုပြုံတန်းစီ ဝယ်ယူနေခြင်းအစား တန်းစီဝယ်ယူမှုနည်းပါးသည့် ပတ်ဝန်းကျင်ရှိ အခြားအရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူခြင်းဖြင့် ပြည်သူများ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါရန် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ တိုက်တွန်းနှိုးဆော်ထားပါကြောင်းနှင့် အရောင်းဆိုင်များကိုလည်း စက်သုံးဆီရှိလျက်မရောင်းချခြင်းမျိုး မပြုလုပ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျုံပျော်မြို့နယ် တာသစ်ကြီးရပ်ကွက်၌ ရခိုင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာလာသူ ၃၃ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်နေသည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ် တာသစ်ကြီးရပ်ကွက်သို့ ရောက်ရှိနေသည့် ရခိုင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာလာသူ ၃၃ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်နေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ကျုံပျော်မြို့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းသည် မှန်ကန်မှုမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် သွေးထိုးသပ်လျှို၍ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျုံပျော်မြို့အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအပေါ် အကြောင်းမဲ့ မတရားဖမ်းဆီးခြင်း၊ ခေါ်ဆောင်စစ်ဆေးခြင်းများမရှိကြောင်း သိရသည်။

**သတင်းစဉ်**







# ဥရောပစူပါဖလား ချန်ပီယံဆုအား ရီးရဲလ်မက်ဒရစ်အသင်းဆွတ်ခူး

ဥရောပစူပါဖလား ဖိုလ်လုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ်က စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အီတလီစီးရီးအေကလပ် အတ္တလန္တာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရီးရဲလ်မက်ဒရစ်အသင်းက အတ္တလန္တာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၅၉မိနစ်တွင် ဗယ်ဗာဒီ၊ ပွဲချိန် ၆၈မိနစ်တွင် ဘာပေတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ဥရောပစူပါဖလား ချန်ပီယံဆုကို (၆)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

(NGB)

0-0-0-0-0






## ဂျိုအာကင်အန်ဒါဆန်အား ခေါ်ယူရန် ဖူလ်ဟမ်အသင်း စီစဉ်

**လန်ဒန် ဩဂုတ် ၁၄**

ဖူလ်ဟမ်အသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား ဂျိုအာကင်အန်ဒါဆန်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၁ ပွဲကစားပြီး ၃ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖူလ်ဟမ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။



ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း ဂျိုအာကင်အန်ဒါဆန်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဖူလ်ဟမ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ခရစ္စတယ်ပဲလေ့စ်အသင်းထံမှ ဂျိုအာကင်အန်ဒါဆန်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ)(NGB)

## ဂျူလီယန်အာရှုဟိုအား ၅နှစ်စာချုပ်ဖြင့် ဘုန်းမောက်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၄**

ဘုန်းမောက်အသင်းသည် ဘာစီလိုနာအသင်း နောက်ခံကစားသမား ဂျူလီယန်အာရှုဟိုအားယူရို ၁၀သန်းဖြင့် ၅နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ (အောက်ပုံ)



အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းမှ လက်စ်ပါးမက်စ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၂၈ပွဲကစားကာ ၂ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘုန်းမောက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်း ထုတ်ပြန်ချက်တွင် "ဂျူလီယန်အာရှုဟိုအား ခေါ်ယူခဲ့ပါပြီ။ သူအနေနဲ့လည်း အသင်းကိုများစွာ ပံ့ပိုးကူညီနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ (NGB)

## ကိုးလ်ပါလ်မာ ချဲလ်ဆီးအသင်းနှင့် ၂၀၃၃ အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဩဂုတ် ၁၄**

ချဲလ်ဆီးအသင်းသည် အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကိုးလ်ပါလ်မာအား ၂၀၃၃ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၅ ပွဲကစားပြီး ၂၅ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကိုးလ်ပါလ်မာ က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ လာမည့်ရာသီသစ်မှာလည်း ဒီအသင်းနဲ့အတူ ဆုဖလားများစွာ ရယူသိမ်းပိုက်သွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(အပေါ်ဝဲပုံ)

(NGB)

### ဘောလုံးသတင်းအတိုအထွာများ

* ဝက်စ်ဟမ်းအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း နောက်ခံကစားသမား ဝမ်ဘစ်ဆာကာအား စတာလင်ပေါင် ၁၅သန်းဖြင့် ၇နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့သည်။

* ချဲလ်ဆီးကစားသမားသစ် ပက်ဒရိုနီတိုသည်အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီဖြစ်သည်။

(NGB)

## အယိုဇီပီရက်ဇ် ဗီလာရီးရဲလ်အသင်းတွင် ကျောနံပါတ် ၁၀ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မက်ဒရစ် ဩဂုတ် ၁၄**

တောင်ပံကစားသမား အယိုဇီပီရက်ဇ် ဗီလာရီးရဲလ်အသင်းတွင် ကျောနံပါတ် ၁၀ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါတောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘက်တစ်အသင်းမှ ဗီလာရီးရဲလ်အသင်းသို့ ၄ နှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

တောင်ပံကစားသမား အယိုဇီပီရက်ဇ်သည် ဘက်တစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၈ ပွဲကစားပြီး ၁၁ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဗီလာရီးရဲလ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ အယိုဇီပီရက်ဇ်က "ကျွန်တော် ဗီလာရီးရဲလ်အသင်းမှာ ကျောနံပါတ် ၁၀ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ)

(NGB)



## ဗင်နီစီယပ်စ် ရီးရဲလ်မက်ဒရစ်အသင်းတွင် ဆက်ရှိသွားမည်

**မက်ဒရစ် ဩဂုတ် ၁၄**



ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမားဗင်နီစီယပ်စ်က မိမိအနေဖြင့်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဆော်ဒီကလပ် အယ်လ်အာလီအသင်းက တစ်နှစ်လုပ်ခလစာငွေ ယူရို သန်း ၂၀၀ဖြင့် ၅နှစ်စာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းခဲ့သော်လည်း ၄င်းက ငြင်းပယ်ခဲ့သည်။

တောင်ပံကစားသမား ဗင်နီစီယပ်စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၄ပွဲကစားပြီး ၈၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဗင်နီစီယပ်စ်က "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ ဆုဖလားတွေ သိမ်းပိုက်ရယူသွားချင်ပါသေးတယ်။ ဒီအသင်းမှာပဲ အလွန်ပျော်ရွှင်နေပါတယ်"ဟုပြောသည်။

(အပေါ်ပုံ)

(NGB)






## ဒီလစ်နှင့် မာဇာရာဝီတို့အား မန်ချက်စတာယူနိုက်တက်အသင်း ခေါ်ယူ

**မန်ချက်စတာ ဩဂုတ် ၁၄**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်း နောက်ခံကစားသမားနှစ်ဦးဖြစ်သည့် ဒီလစ်နှင့် မာဇာရာဝီတို့အား ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် နောက်ခံကစားသမား ဒီလစ်ကို ပြောင်းရွှေ့ကြေး ယူရို ၄၅သန်း+Add-Ons (၅)သန်း၊ မာဇာရာဝီကို ပြောင်းရွှေ့ကြေး ယူရို ၁၅သန်း+Add-Ons ၅ သန်းဖြင့် ၂၀၂၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဒီလစ်သည် မန်ချက်စတာယူနိုက်တက်အသင်းတွင် ကျောနံပါတ် ၄ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်ပြီး၊ မာဇာရာဝီသည် ကျောနံပါတ် ၃ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား (၄)ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(အပေါ်ပုံ)(NGB)

## 2024 US Open တင်းနစ်ပြိုင်ပွဲ ဩဂုတ် ၂၆ ရက်တွင် စတင်မည်

**ဝါရှင်တန် ဩဂုတ် ၁၄**

အမေရိကန်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော နာမည်ကျော် တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 US Open တင်းနစ်ပြိုင်ပွဲ လာမည့် ဩဂုတ် ၂၆ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2024 US Open တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၉ ရက်အထိ ၁၅ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2024 US Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

US Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic နှင့် အမေရိကန်တင်းနစ်မယ် Coco Gauff တို့ ဖြစ်သည်။

(အောက်ပုံ)(NGB)



### စပိန်လာလီဂါ အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၅-၈-၂၀၂၄ ကြာသပတေးနေ့ | ည၁၁း၃၀နာရီ | ဘီလ်ဘာအို - ဂီတာဖေး | ဘီလ်ဘာအို ၂-၂ ဂီတာဖေး<br>ဂီတာဖေး ၀-၂ ဘီလ်ဘာအို |
| ၁၆-၈-၂၀၂၄ သောကြာနေ့ | နံနက်၀၂း၀၀နာရီ | ဘက်တစ် - ဂျီရိုနာ | ဘက်တစ် ၁-၁ ဂျီရိုနာ<br>ဂျီရိုနာ ၃-၂ ဘက်တစ် |

# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအား ဆင်အကြောင်းသိကောင်းစရာများ ရှင်းလင်းပြသ၊ ဆင်စာဘူဖေးကျွေးမွေး



**နေပြည်တော် ဩဂုတ် ၁၄**

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၂ ရက်တွင်ကျရောက်သော ကမ္ဘာ့ဆင်များနေ့ အထိမ်းအမှတ်ဂုဏ်ပြုအခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ် ငလိုက်စခန်းသာဆင်စခန်း၌ ဆင်စာဘူဖေးကျွေးမွေးခြင်းနှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ စတုတ္ထနှစ်ကျောင်းသား၊ ကျောင်းသူများအား ငလိုက်စခန်းသာဆင်စခန်းသို့ ဖိတ်ကြား၍ ဆင်နှင့်ပတ်သက်သော ဆင်အကြောင်းအရာများအား အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ကမ္ဘာ့ဆင်များနေ့အား ငလိုက်စခန်းသာ ဆင်စခန်းတာဝန်ခံနှင့် ဆင်ဦးစီး၊ ဆင်ပဲ့ချိတ်များဦးဆောင်ကာ မြန်မာ့သစ်လုပ်ငန်းမှ ဆင်စခန်းများ ဖွင့်လှစ်ခဲ့သည့် ရည်ရွယ်ချက်များ၊ ငလိုက်စခန်းသာ ဆင်စခန်းရှိ ဆင်ပြတိုက်ပြသထားရှိမှု၊ ဆင်များအား ကျန်းမာရေးစောင့်ရှောက်ထားရှိမှု ဆင်ဆေးခန်း၊ ဆင်စခန်းဝင်းအတွင်းရှိ တောတွင်းစက်ဘီးစီးလမ်း၊ တောတွင်းဖြတ်လျှောက်လမ်းနှင့် တောတွင်းဖြတ်တံတားတို့အား ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား လိုက်လံရှင်းလင်းပြသပေးပြီး ကမ္ဘာ့ဆင်များနေ့ အထိမ်းအမှတ် ဆင်စာဘူဖေးကျွေးမွေးခဲ့သည်။

ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ်ကို ကမ္ဘာပေါ်ရှိဆင်များအား ကာကွယ်ထိန်းသိမ်းကြရန် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် ဩဂုတ် ၁၂ ရက်မှစတင်ကာ ကနေဒါနိုင်ငံသားရုပ်ရှင်ထုတ်လုပ်သူ Patricia Sims နှင့် ထိုင်းနိုင်ငံအခြေစိုက် Elephant Reintroduction Foundation တို့မှ စတင်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ကမ္ဘာ့ဆင်များနေ့အား ကူညီပံ့ပိုးပေးနေသည့် (Wildlife Organizations) နိုင်ငံပေါင်း ၇၂ နိုင်ငံနီးပါးရှိနေပြီဖြစ်ကြောင်း လက်ထောက်မန်နေဂျာက ရှင်းပြသည်။

ကမ္ဘာ့ဆင်များနေ့အခမ်းအနားသို့ ဒုတိယအထွေထွေမန်နေဂျာ ဦးဇော်ဝင်းနိုင်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ငလိုက်စခန်းသာ ဆင်စခန်းတာဝန်ခံ ဦးညီညီအောင်နှင့်ဝန်ထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ၊ဆရာမများ၊ စတုတ္ထနှစ်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၁)**

*-*-*-*-*



# မလွန်ဈေးဆန်လှူအသင်းမှ (၁၂၈)နှစ်မြောက် ဆွမ်းဆန်တော်များ လှူဒါန်း

**မန္တလေး ဩဂုတ် ၁၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ၃၂ လမ်း၊ ၈၅ လမ်းနှင့် ၈၆လမ်းကြားရှိ မလွန်ဈေးဆန်လှူအသင်းတွင် ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက အဆိုပါအသင်း၏ (၁၂၈)နှစ်မြောက် ဆွမ်းဆန်တော်များ လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် ဆွမ်းဆန်တော်အလှူခံကြမည့် အောင်မြေသာစံနှင့် ချမ်းအေးသာစံမြို့နယ်များရှိ (သုဓမ္မာ)ကျောင်းတိုက်အသီးသီးမှ သံဃာတော်များကြွရောက်တော်မူကြပြီး အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အတွင်းရေးမှူး ဦးကြည်ဝင်းတို့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက သံဃာတော် တစ်ပါးလျှင် (၈)ပြည်ဝင်ဆန်အိတ်တစ်အိတ်ကျစီဖြင့် ရဟန်း၊ သာမဏေ ၁၀၉၅၄ ပါးအတွက် ဆန်အိတ် ၅၄၇၇ အိတ် လှူဒါန်းကြသည်။

အဆိုပါဆွမ်းဆန်တော်လှူဒါန်းမှုကို အမရပူရမြို့နယ်၊ ရွှေကျင်၊ သုဓမ္မာ)၊ ပုသိမ်ကြီးမြို့နယ်၊ မဟာအောင်မြေမြို့နယ်(သုဓမ္မာ)ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း လှူဒါန်းမည့်အရေအတွက် ၂၄၁၇၀ ပါးကို ဩဂုတ် ၂၇ ရက်အထိ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ပြီး စစ်ကိုင်း၊ မင်းဝံ၊ အမရပူရ၊ ပြည်ကြီးတံခွန်(သုဓမ္မာ)၊ မန္တလေး ၅ မြို့နယ် (ရွှေကျင်)၊ မင်းကွန်းတို့ရှိ ရဟန်း၊ သာမဏေ၊ သူတော်နှင့် သီလရှင်များကို စက်တင်ဘာ ၁၄ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ အလှည့်ကျလှူဒါန်းသွားမည်ဖြစ်သည့်အပြင် ဘွဲ့ထူး၊ ဂုဏ်ထူးရဆရာတော်များကို သီးခြားလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၇၂)**

# ပြည်တွင်းဆီ လိုအပ်ချက်မြင့်မားနေသောကြောင့် ပဲပုပ်ဈေးကောင်းရရှိလာ


ပြည်တွင်းဆီ လိုအပ်ချက်မြင့်မားနေသောကြောင့် ဈေးကွက်တွင် ဆီအဖြစ် အသုံးပြုရန်အတွက် ဆီစက်ပိုင်ရှင်များ၏ ဝယ်ယူမှုကြောင့် ပြီးခဲ့သည့် ဇူလိုင်လဆန်းပိုင်းကတည်းက မြင့်တက်လာခဲ့ပြီး ဩဂုတ်လဆန်းပိုင်းတွင် အမြင့်ဆုံးရောက်ရှိလာသည်။

လက်ရှိမှာ ဈေးကွက်ထဲ အဝင်ရှိသလောက် အဝယ်ရှိနေကြောင်း ကုန်သည်များထံက သိရသည်။

"ရန်ကုန်ဈေးကွက်မှာ ပဲပုပ်(ဆီတိုး)က တစ်ပိဿာကို ငွေကျပ် ၅၀၀၀ မှ ၅၅၀၀ ရှိပြီး တစ်ပတ်အတွင်း တစ်ပိဿာကို ငွေကျပ် ၁၀၀၀ ကျော် ဈေးတက်လာပါတယ်။ အထွက်တိုးကတော့ တစ်ပိဿာကို ငွေကျပ် ၄၆၆၅ မှ ၅၀၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း တစ်ပိဿာကို ငွေကျပ် ၇၅၀ ဈေးတက်လာပါတယ်။ ပဲပုပ်တစ်ပိဿာကို တစ်လအတွင်း ငွေကျပ် ၁၂၅၀ ဈေးမြင့်တက်လာတယ်" ဟု ကုန်သည်တစ်ဦးက ပြောသည်။

မန္တလေးဈေးကွက်တွင် ပဲပုပ် (ဗမာ) တစ်အိတ်ကို ငွေကျပ် ၂၆၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ငွေကျပ် ၂၀၀၀၀ ဈေးတက်လာပါသည်။ ပဲပုပ်(ရှမ်း)မှာ တစ်အိတ်ကို ငွေကျပ် ၂၈၀၀၀၀ မှ ၃၀၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ငွေကျပ် ၄၀၀၀၀ အသီးသီးဈေးတက်လာပြီး တစ်လအတွင်း ပဲပုပ်တစ်အိတ်ကို ငွေကျပ် ၃၀၀၀၀ မှ ၇၀၀၀၀ ကြား ဈေးမြင့်တက်လာကြောင်း သိရသည်။

**ရွှေမန်း**





# ချည်မျှင်ရှည်ဝါ တိုးတက်ထုတ်လုပ်မှုစီမံကိန်း မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်

**နတ်မောက် ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ချည်မျှင်ရှည်ဝါတိုးတက်ထုတ်လုပ်မှုစီမံကိန်း မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပံ့ပိုးပစ္စည်းများပေးအပ်ပွဲကို ယမန် နေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမတွင် ကျင်းပခဲ့သည်။

ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိမှ ဒေသခံတောင်သူများအနေဖြင့် မိမိတို့ဒေသအတွင်းတွင် မျိုးကောင်း၊ မျိုးသန့်များသုံးစွဲနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များသုံးစွဲသည့် အလေ့အထကောင်းများ ပေါ်ပေါက်လာရေး၊ ဒေသထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး တောင်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ခုနှစ် နတ်မောက်မြို့နယ်တွင် ချည်မျှင်ရှည်ဝါ စိုက်ဧက ၂၈၂၁၆ စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ပြီး ချည်မျှင်ရှည်ဝါတစ်ဧက အထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးကောင်း ဝါဂွမ်းရရှိရေးအတွက် ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၂၆၇၁၆ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၂၅၀၀ ဧက တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ပေးအပ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးတောင်သူများ တက်ရောက်ခဲ့ကြသည်။ နတ်မောက်မြို့နယ်တွင် ရွှေတောင် ၁၀ မျိုးစေ့ထုတ်ဖုန့် ၂၅၀ဧကနှင့် ဝါအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးဖုန်များအတွက် မျိုးသန့်ဝါစေ့နှင့် ဓာတ်မြေဩဇာသွင်းအားစုများကို တက်ရောက်လာကြသည့်ဌာနဆိုင်ရာများက ဒေသခံစိုက်ပျိုးရေးတောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၆၅)**

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးအမျိုးသား၊ အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ကျင်းပ

**မန္တလေး ဩဂုတ် ၁၄**

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ဖူဆယ်အားကစားသမားများ အချင်းချင်းချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရန်နှင့် ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်တို့အတွက်ရည်ရွယ်၍ ၂၀၂၄ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဩဂုတ် ၁၂ ရက်က ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားဖူဆယ်အသင်းသည် ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်တို့နှင့် အုပ်စုတွင် ပါဝင်နေပြီး ဩဂုတ် ၁၂ရက် အုပ်စုပတ်လည်ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၇ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဩဂုတ် ၁၃ ရက်က မကွေးတိုင်းနှင့် ၁ ဂိုးစီ သရေကျခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအသင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့နှင့် အုပ်စုတွင်ပါဝင်နေပြီး ဩဂုတ် ၁၂ ရက် အုပ်စုပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**(၀၄၅)**

## လယ်တီကန်ပတ်လည် သာယာလှပရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**စစ်ကိုင်း ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ လယ်တီရပ်ကွက်ရှိ လယ်တီကန်ပတ်လည်သာယာလှပရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများဆောင်ရွက်ရာမှာ လုံခြုံရေး အသိ၊ သတိတို့နဲ့ ဆောင်ရွက်သွားကြပါဟု စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်က မှာကြားသည်။ လယ်တီကန်ပတ်လည်တွင် ကန်ပတ်လမ်း နိုင်လွန်ကတ္တရာခင်းကျင်းထားပြီး ပန်းအလှပင်များ စိုက်ပျိုးထားသောစိုက်ပျိုးရန်ကျန်သည့်အပင်များ ဆက်လက်စိုက်ပျိုးသွားမည် ဖြစ်သည်။

ထို့အပြင် နောက်ဆက်တွဲ လုပ်ငန်းများဖြစ်သည့် အပန်းဖြေထိုင်ခုံများထားရှိကာ ကန်ပတ်လည်နှင့် ကျောက်ရိုးစီတာပေါင်နှင့် စတီးလက်ရန်းများကို တပ်ဆင်သွားမည်ဖြစ်သည်။လယ်တီရပ်ကွက်ရှိ လယ်တီကန်ပတ်လည် သာယာလှပရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်ကြီးချုပ်ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။ လယ်တီကန်ပတ်လည်တွင် သပြေ၊ ဘူတ၊ စင်ကာပူချယ်ရီ၊ ငုဝါ၊ ကျူးလစ်ပန်းအလှပင်များ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၉၄)**



## မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ သုတေသနပြပွဲနှင့် ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ဘာသာရပ်ပေါင်းစုံ သုတေသနပြပွဲနှင့် ပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီက အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါသုတေသနပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားတွင် ပြပွဲနှင့် ပြိုင်ပွဲ မစတင်မီ ပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြပွဲနှင့် ပြိုင်ပွဲကိုကျင်းပရာ ဘူမိဗေဒဌာန၊ သတ္တဗေဒဌာန၊ ရုက္ခဗေဒဌာန၊ ရူပဗေဒဌာန၊ သင်္ချာဌာန၊ ဓာတုဗေဒဌာန၊ ဒဿနိကဗေဒဌာန၊ အင်္ဂလိပ်စာဌာန၊ သမိုင်းဌာန၊ ပထဝီဝင်ဌာန၊ စီးပွားရေးပညာဌာန၊ဥပဒေပညာဌာန၊အရှေ့တိုင်းပညာဌာနနှင့် မြန်မာစာဌာနတို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ ပြိုင်ပွဲဝင်ပြခန်းများကို ပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများက လိုက်လံကြည့်ရှု အားပေးကြသည်။ မွန်းလွဲပိုင်းတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ သုတေသနပြပွဲနှင့်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ဘာသာရပ်ဆိုင်ရာပြခန်းအဖွဲ့များထံသို့ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၅၃)**

## နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် စီမံကိန်းမိတ်ဆက်ရှင်းလင်း၊ လုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**မိတ္ထီလာ ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကန်တောင်ကျေးရွာအုပ်စု၊ မုန့်ပင်ဆည်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက နို့စားနွားမွေးမြူရေးလုပ်ငန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရန် အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးရဲအောင်က လက်စွဲပါ စာစောင်နှင့်အညီ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းအဖွဲ့ဝင် ငါးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မိတ္ထီလာမြို့နယ် ဥယျာဉ်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်မျိုးကောင်းမျိုးသန့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးထံမှ သိရသည်။



**(ဝဲပုံ)(၄၆၉)**

ဥတုရာသီ တောကို မှီ၏။

## အ-ထ-က(၂၇)ကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မူလတန်းအဆင့် ဘာသာရပ်စုံ မွမ်းမံသင်တန်းဖွင့်လှစ်

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အ-ထ-က(၂၇)ကျောင်းတွင် မြို့နယ်အတွင်းရှိ မူလတန်းပြ ဆရာ၊ ဆရာမများက မိမိတို့တာဝန်ယူရသည့်ဘာသာရပ်များ ကျွမ်းကျင်တတ်မြောက်ပြီး ကျောင်းသား၊ ကျောင်းသူများအား ပြန်လည်သင်ကြားပို့ချနိုင်ရေးအတွက် မူလတန်းအဆင့် ဘာသာရပ်စုံမွမ်းမံသင်တန်းကို ယမန်နေ့ နံနက် ၉ နာရီမှ စတင်၍ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့နယ်ပညာရေးမှူး ဒေါ်နှင်းမူနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်သန်းထွန်းတို့က အနီးကပ်ကြီးကြပ်၍ မြို့နယ်ပညာရေးမှူးရုံးမှ မူလတန်းအဆင့် ဘာသာရပ်ကျွမ်းကျင်သည့် ဆရာ၊ ဆရာမ ၃ ဦးတို့က နည်းပြများအဖြစ် ဆောင်ရွက်ကာ မူလတန်းပြ ဆရာ၊ ဆရာမ ၂၈ ဦးတို့အား သင်ကြားပို့ချခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများက မိမိတို့သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်းနှင့် သင်တန်းကာလမှာ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ရက်သတ္တပတ် ၄ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးက ပြောသည်။



**(ယာပုံ)**

**ခရိုင်(ပြန်/ဆက်)**

*-*-*-*-*

## မိုးစပါးများကို ၄၈၄၇၂ ဧက လျာထားစိုက်ပျိုး

**တပ်ကုန်း ဩဂုတ် ၁၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်အတွင်း မိုးစပါးများကို ဆည်ရေသောက်စနစ်၊ မိုးကောင်းသောက်စနစ်များဖြင့် ၄၈၄၇၂ ဧက လျာထားစိုက်ပျိုးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တပ်ကုန်းမြို့နယ်တွင် ယခင်နှစ် မိုးရာသီ မိုးစပါး ၄၈၄၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး၊ တစ်ဧကပျမ်းမျှအထွက် ၈၇ ဒသမ ၀၉ ထွက်ရှိကြောင်း၊ ယခုနှစ် မိုးစပါး ၄၈၄၇၂ ဧက လျာထားစိုက်ပျိုးပြီး၊ တောင်သူတွေ ဇူလိုင်လဆန်းတွင် စတင်စိုက်ပျိုးကြရာ ဩဂုတ်လထိ အခြောက်မျိုးစေ့စက်စိုက် ၁၀၀ ဧက၊ Seeder စိုက် ၉၃၄၁ ဧက၊ ပျိုးထောင်စိုက် ၃၄၇၆ ဧက၊ ကြဲပက်စိုက် ၅၁၄၀ ဧက၊ ကောက်စိုက်စက်စိုက် ၄၁ ဧက၊ စုစုပေါင်း ၁၈၀၉၈ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရပြီး၊ စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ ပေါင်းမြက်ကင်းရှင်းရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးပြေဆေးပြုလုပ်သုံးစွဲရေး စသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။



တပ်ကုန်းမြို့နယ်တွင် နှမ်း၊ မိုး၊ ဆောင်းရာသီအလိုက် စပါး၊ ပဲမျိုးမျိုး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံမျိုးစုံစိုက်ပျိုးကြကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိကြကြောင်း သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးမြို့ ချမ်းမြသာစည်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ကျပ်သိန်းတစ်ထောင်အောက် အိမ်၊ ခြံ၊ မြေများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဩဂုတ် ၁၄**

မန္တလေး၊ အိမ်၊ ခြံ၊ မြေဈေးကွက်အတွင်းတွင် ယခုလပိုင်းအတွင်း ချမ်းမြသာစည်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များရှိ ငွေကျပ်သိန်းတစ်ထောင်အောက် အိမ်၊ ခြံ၊ မြေများ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း အိမ်၊ ခြံ၊ မြေဝယ်ရောင်း လုပ်ကိုင်သူများထံက သိရသည်။

ချမ်းမြသာစည်မြို့နယ်အတွင်းတွင် ငွေကျပ်သိန်းငါးရာနှင့် ရှစ်ရာဝန်းကျင်၊ ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်းငါးရာ ဝန်းကျင်မြေကွက်များ အများဆုံး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ လူနေထိုင်ရန်အတွက် အဓိကဝယ်ယူမှုများကြောင့် အိမ်၊ ခြံ၊ မြေ လုပ်ငန်းလုပ်ကိုင်သူများထံက သိရသည်။

"မြေကွက်တွေက ငွေကျပ်သိန်းတစ်ထောင်အထက်ကတော့ အခုရက်ပိုင်း အရောင်းအဝယ်ဖြစ်လားဆိုရင်တော့ ဖြစ်တယ်။ ဒါပေမယ့် ခပ်ပါးပါးလို့ ပြောလို့ရတယ်။ ငွေကျပ်သိန်းတစ်ထောင်အောက် မြေကွက်တွေကတော့ တော်တော်လေး အရောင်းအဝယ်ဖြစ်နေတယ်"ဟု အိမ်၊ ခြံ၊ မြေ လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

လက်ရှိလာရောက်ဝယ်ယူသူများမှာ အချက်အလက်ခိုင်မာသော ဂရန်မြေ၊ ဘိုးဘွားပိုင်မြေများကို အဓိကထားဝယ်ယူမှုများကြောင်း၊ တိုက်ခန်းများကိုလည်း ဝယ်ယူရန် စိတ်ဝင်စားမှုများရှိပြီး အဓိက မြရည်နန္ဒာအိမ်ရာရှိ တိုက်ခန်းများအား မေးမြန်းဝယ်ယူသူများ များပြားသည်။

အထက်ပါမြို့နယ်များ မဟုတ်သော ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံတို့တွင် ဝယ်ယူမှုများရှိသော်လည်း မြေဈေးနှုန်းမှာ ငွေကျပ်သိန်းတစ်ထောင်အောက် မြေကွက်များအား ရောင်းချလိုသူနည်းပါးခြင်းကြောင့် အရောင်းအဝယ်ဖြစ်မှု မရှိသလောက်နည်းပါးသည်။

ပုသိမ်ကြီးမြို့နယ်တွင် မြေကွက်များမှာ ဈေးနှုန်းအနေအထားသင့်တင့်ပြီး မြေအကျယ်အဝန်းမှာလည်း ကောင်းမွန်ခြင်းကြောင့် နယ်ပယ်ဒေသအသီးသီးမှ ပြောင်းရွှေ့နေထိုင်လိုသူများက စိတ်ဝင်စားမှုအများဆုံးဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



# စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**ကလော ဩဂုတ် ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း၌ ယမန်နေ့ နံနက် ၁၀ နာရီက လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ ကလောမြို့နယ်၊ ဟဲဟိုးမြို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစုစုထွေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ခြင်းအကျိုးကျေးဇူးအကြောင်း၊ လူငယ်ရေးရာအကြောင်းနှင့် လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်အကြောင်းတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀

# ရေနံချောင်းမြို့နယ် ချိုင်းကျေးရွာ၌ (VRFP) စီမံကိန်းရန်ပုံငွေထုတ်ချေး

**ရေနံချောင်း ဩဂုတ် ၁၄**



မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ချိုင်းကျေးရွာအုပ်စု၊ ချိုင်းကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေပြန်လည်ထုတ်ချေးခြင်းကို ဩဂုတ် ၁၀ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမ,တည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃၈သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၃၉ဦးကို ငွေကျပ်သိန်း ၃၅၀၊ မွေးမြူရေးလုပ်ကိုင်သူ ၂၂ဦးကို ငွေကျပ် ၄၈သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ဦးကို ငွေကျပ်သိန်း ၄၀၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၉ဦးကို ကျေးရွာမ,တည်ရန်ပုံငွေ စီမံကိန်း ရန်ပုံငွေကျပ် ၄၃၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ) နော်လူး

# ကမ်းပြိုဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများ ထောက်ပံ့ပေးအပ်

**မင်းဘူး ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်း ဧရာဝတီမြစ်ကမ်းတစ်လျှောက်မှ ကမ်းပြိုဘေးသင့်ကျေးရွာများအား ဆန်ရိက္ခာဖိုးငွေနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများ ဩဂုတ် ၉ ရက်က သွားရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုဦးစီးဌာနက ဩဂုတ် ၆ရက်နှင့် ၇ ရက်များတွင် ကမ်းပြိုဘေးသင့်ခဲ့သော မင်းဘူး(စကု) မြို့နယ် သနပ္ပင်ကျေးရွာအုပ်စု၊ ကျောင်းကုန်းကျေးရွာမှ အိမ်ထောင်စု လေးစု၊ လူဦးရေ ၂၂ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၄၀၀၀၀၀နှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၄၆၂၀၀ စုစုပေါင်းငွေကျပ် ၄၄၆၂၀၀ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ပွင့်ဖြူမြို့နယ်၊ ဆည်မုန်းကျေးရွာအုပ်စု၊ ဆည်မုန်းကျေးရွာတွင်လည်း အိမ်ထောင်စု ၁၄ စု၊ လူဦးရေ ၅၇ ဦးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၄၀၀၀၀၀နှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၁၁၉၇၀၀၊ စုစုပေါင်း ၁၅၁၉၇၀၀ဖြစ်၍ ကမ်းပြိုဘေးသင့်ပြည်သူ ၇၉ ဦးအတွက် ငွေကျပ် ၁၉၆၅၉၀၀အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသွယ်ဝင်းထံက သိရသည်။

(အောက်ပုံ)

(၅၀၄)



# မုံရွာဈေးကွက်သို့ မြေပဲအဝင်နည်းနေ၊ မြေပဲဆီဈေးမြင့်တက်

**မုံရွာ ဩဂုတ် ၁၄**

မြေပဲပေါ်သည့်ရာသီဖြစ်သော်လည်း မုံရွာဈေးကွက်သို့ မြေပဲအဝင်နည်းနေပြီး မြေပဲဆီဈေးမြင့်တက်သွားသည်။

"နယ်က မြေပဲဝယ်ပေးတဲ့ အဝယ်တော်တွေတောင် မြေပဲရှာမပေးနိုင်အောင် ရှားနေတာပါ။ ဈေးက တအားမြောက်တော့ မြေပဲဆီဈေးက တစ်ရက်တစ်ဈေးတက်နေတာ။ ဈေးနှုန်းကို လိုင်းပေါ်တောင် တင်မရောင်းရဲဘူး။ ခဏ ခဏဈေးပြောင်းနေတော့ မှာမယ့်ဖောက်သည်တွေ ဖုန်းကြိုဆက်ပြီး ဈေးမေးကြဖို့ မှာထားရတယ်"ဟု မြေပဲဆီ၊ နေကြာဆီရောင်းသူက ပြောသည်။

ဩဂုတ် ၁ ရက် မြေပဲဆီဈေးသည် စက်ကြိတ်တစ်ပိဿာ ငွေကျပ် ၁၈၀၀၀၊ ဆုံဆီတစ်ပိဿာ ငွေကျပ် ၂၅၀၀၀၊ လက်ရှိတွင် မြေပဲဆန်တစ်ပြည် ငွေကျပ် တစ်သောင်းကျော်ဈေးဖြင့် ရောင်းချနေကြပြီး ဆီကြိတ်သမားများ အနေဖြင့် မြေပဲလိုအပ်ချက်မြင့်နေသည်။

မုံရွာဈေးကွက်သို့ ဝင်ရောက်သော မြေပဲစိုက်ကျေးရွာများရှိ မြေပဲခင်းများ မိုးခေါင်သောကြောင့် မြေပဲအထွက်လျော့သလို အရည်အသွေးမမီ မြေပဲများသာ ရရှိနေကြောင်း ဘုတလင်မြို့နယ် မောင်းထောင်နယ်မြေပဲစိုက်သူ ဦးမှတ်ထံက သိရသည်။

"တချို့က ဒီလကုန်မှ မြေပဲဖော်ကြမှာတွေရှိတယ်။ တချို့က ဖော်နေကြပြီ။ မိုးခေါင်တော့ မရကြဘူး။ ရတဲ့မြေပဲကအသိမ်အဖျင်းတွေများတယ်။ ဈေးကွက်ပို့ဖို့မလှဘူး"ဟု ၎င်းက ဆက်ပြောသည်။

မြေပဲ၊ နှမ်းစိုက်ခင်းများ သီးပွင့်ချိန်တွင် မိုးခေါင်မှုနှင့်ကြုံတွေ့နေရခြင်းဖြစ်ပြီး ယခင်နှစ်ထက် ကုန်ကျစရိတ်သည် တစ်ဧကကို ငွေကျပ်လေးသိန်းကျော် ပိုမိုကုန်ကျပြီး ယခုနှစ်အထွက်နှုန်းသည် ယခင်နှစ်အထွက်နှုန်း၏ တစ်ဝက်ပင်မရှိကြောင်း တောင်သူများ၏ ခန့်မှန်းချက်အရ သိရသည်။

(အောက်ပုံ) (၃၉၄)



## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာဟောပြောပွဲနှင့်စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ ဟောပြောပွဲနှင့် စာအုပ်ပြပွဲ၊ နံရံကပ် စာစောင်ပြပွဲကို ဩဂုတ် ၁၃ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကျောင်းသား၊ ကျောင်းသူများအား စာပေနှင့်ပတ်သက်၍ ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အားလပ်တဲ့အချိန်မှာ စာပေတွေကို လေ့လာစေလိုကြောင်း၊ ပညာသည် အိုသည်မရှိ ပညာတတ်မြောက်မှသာ အများအမှန် ဝေဖန်နိုင်မည်ဖြစ်ကြောင်း၊ စာကိုကြိုးစားသင်ယူသင့်ကြောင်း၊ အကောင်းအဆိုး ခွဲခြား တတ်စေရန် အခြားသော ပြင်ပဗဟုသုတများကိုလည်း ရှာဖွေသင့်ကြောင်းနှင့် ကျောင်းသား၊ကျောင်းသူများအား မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြောကြားရာတွင်လည်း မူးယစ်ဆေးဝါးသည် လူသားတွေကို ကောင်းကျိုးမပေးဘဲ လူဦးနှောက်တွေကို မူးယစ်ထုံမှိုင်းစေသောကြောင့် စမ်းသပ် မသုံးစွဲသင့်ကြောင်း၊ မူးယစ်ဆေးဝါးအစ ဆေးလိပ်က ဆိုသည့်အတိုင်း မူးယစ်ဆေးဝါးကို စမ်းသပ်မသုံးစွဲသင့်ကြောင်း၊ ယခု လူငယ်နောင်ဝယ်လူကြီးဆိုသည့် အတိုင်း ငယ်ရွယ်စဉ်မှာ အမှားအမှန် ဝေဖန်နိုင်အောင် စာပေတွေကို လေ့လာ သင်ယူသင့်ကြောင်း၊ ကျောင်းနေအရွယ်မှာ ပညာကိုသာ ဦးစားပေး သင်ယူလေ့လာသင့်ကြောင်း၊ ပညာတတ်မြောက်မှသာလျှင် လူ့ဘောင်လောက လူ့လောက၌ ကောင်းစွာ နေထိုင်သွားတတ်မည်ဖြစ်ကြောင်း စသည်များ ဟောပြောခဲ့သည်။



ထို့နောက် ကျောင်းသား၊ ကျောင်းသူ၊လူငယ်၊ လူရွယ်များက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ဝ၅၆)

## နည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ) မိုးရာသီ အားကစားပြိုင်ပွဲကျင်းပ၊ ဆုချီးမြှင့်

**မိတ္ထီလာ ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရ နည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)တွင် ၂၀၂၄-၂၀၂၅ပညာသင်နှစ် မိုးရာသီ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းရှိ ဘွဲ့နှင်းသဘင်ခန်းမတွင်ကျင်းပခဲ့သည်။

မိုးရာသီ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် စက်မှုနည်းပညာအထက်တန်း ကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ကြီး ဦးစိန်ကျော်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် တက်ရောက်ပညာသင်ယူလျက်ရှိသော ကျောင်းသား၊ကျောင်းသူများ ခန္ဓာကိုယ်ကြံ့ခိုင်မှုရှိစေရန် လိုအပ်သလို အသင်းအဖွဲ့အလိုက် ပါဝင်ဆောင်ရွက်တတ်စေရန် ကာယ၊ ဉာဏအား နှစ်ဖြာ ပြည့်ဝစေရန်၊ လိုက်လျောညီထွေစွာ ဆက်ဆံတတ်စေရန်အတွက် မိုးရာသီအားကစားပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ကျောင်းသား၊ ကျောင်းသူများက ပန်းပွားအကဖြင့် ကပြခြင်း၊ ဇာတိမာန်သီချင်း သီဆိုဖျော်ဖြေခြင်းနှင့် Fitness Dance အကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ ယင်းနောက် ၂၀၂၄-၂၀၂၅ပညာသင်နှစ် မိုးရာသီအားကစားပြိုင်ပွဲတွင် ဆုရသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)တွင် ၂၀၂၄-၂၀၂၅ပညာသင်နှစ် မိုးရာသီ အားကစားပြိုင်ပွဲကို ဘောလုံးပြိုင်ပွဲ၊ ခြင်းလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အမျိုးသား လွန်ဆွဲပြိုင်ပွဲနှင့် အမျိုးသမီး လွန်ဆွဲပြိုင်ပွဲများကို ဩဂုတ် ၅ ရက်နေ့မှ ၁၂ ရက်အထိ ယှဉ်ပြိုင်ခဲ့ရာ ၎င်းပြိုင်ပွဲများကို ဘာသာရပ်အလိုက် ကျောင်းသား၊ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(၄၆၉)






## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးနှင့်ဝန်ထမ်းများတွေ့ဆုံ၊စားသောက်ကုန်များထောက်ပံ့

**မန္တလေး ဩဂုတ် ၁၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများတွေ့ဆုံပွဲကို ဩဂုတ် ၁၀ရက် နံနက် ၁၀နာရီက အောင်မြေသာစံမြို့နယ်၊ ၈၂လမ်း၊ ၂၅လမ်းနှင့်၂၆လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းဗိုလ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက ဝန်ထမ်းရေးရာများကိုလည်းကောင်း ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် စားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် လစဉ်ထောက်ပံ့လျက်ရှိသော ဆီ ၁ ပိဿာ၊ ကြက်ဥ ၁၀လုံးနှုန်းဖြင့် ဝန်ထမ်း၁၆ဦးနှင့်နေ့စားဝန်ထမ်း ၄ဦး စုစုပေါင်းဝန်ထမ်း၂၀ဦးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၄၅)**




ပတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## တို့တောင်သူ

- နွားညီနောင် တူယှဉ်တွဲပါလို့ စိုက်ပျိုးမြဲ လယ်ယာမြေ စပါးတွေ အထွက်တိုးဖို့ ကြိုးစားလို့နေ။
- ရွှေဝါရောင် စပါးပင်တွေ ယိမ်းလှုပ်ရှား လေအလာ ကျေးငှက်တွေ သံစုံမြူး ထူးခြား သံသာ။
- စပါးပေါ် အလှူပေးမှာ ကျေးလက်ဒါနဆင် ရွာကျောင်းမှာ သဒ္ဓါမိုး သွန်းဖြိုးလို့ အစဉ်။
- ရိုးသားတဲ့ တောင်သူပင် အရိပ်ထင်ကာသိလ်စွဲ စည်ဖြောသံ မြိုင်ဆိုင်လုတယ် ကြည်နူးအလှူပွဲ။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

## ဓာတ်အားစနစ်သို့ ထုတ်လုပ်ပို့လွှတ်မှု (၄၉၂၀)မဂ္ဂါဝပ်လျော့နည်း ပြည်သူများသို့ A,B,C အုပ်စုဖြင့် ဓာတ်အားဖြန့်ဖြူးပေး

**မန္တလေး ဩဂုတ် ၁၄**

နိုင်ငံတော်ဓာတ်အား စနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ်နေသော V-Power သဘာဝဓာတ်ငွေ့သုံး စက်ရုံ(မြင်းခြံ)သည် ဩဂုတ် ၁၂ရက် နံနက် ၁၁နာရီ မိနစ်၂၀တွင် လည်းကောင်း၊ Sembcorp သဘာဝဓာတ်ငွေ့သုံး စက်ရုံ(မြင်းခြံ)သည် နံနက် ၁၁နာရီ မိနစ်၄၀ခန့်တွင် စက်များရပ်တန့်ခဲ့သည့်အတွက် အဆိုပါ ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားစနစ်သို့ ထုတ်လုပ်ပို့လွှတ်မှု ၄၉၂၀မဂ္ဂါဝပ် နာရီခန့် လျော့နည်းလျက်ရှိသည်။

အဆိုပါ ဓာတ်အားပေးစက်များမှ ဓာတ်အားစနစ်သို့ ထုတ်လုပ်နိုင်မှုမရှိချိန်ကာလအတွင်း ဓာတ်အားစနစ် တည်ငြိမ်မှုရှိစေရန် ရေအားလျှပ်စစ်စက်ရုံများမှ ဓာတ်အားဖြည့်တင်းခြင်း၊ အရေးပေါ် ဝန်အားထိန်းညှိမှုများ ဆောင်ရွက်ခြင်း၊မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် သုံးစွဲဝန်အားထက်လျှော့ချ၍ ဓာတ်အားဖြန့်ဖြူးပေးခြင်း၊ စက်မှုဇုန်နှင့် သံရည်ကြိုလုပ်ငန်းများအား ညပိုင်းတွင် ဓာတ်အားမပေးဘဲ ပြည်သူများအား A,B,C အုပ်စုဖြင့် ဓာတ်အား ဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယာယီဓာတ်အား ပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်ကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက မိဘပြည်သူများထံ အသိပေးပန်ကြားထားသည်။

မောင်ပြည်သူ(မန္တလေး)

## သတင်းပဒေသာ

### အာဟာရပြည့်ဝစွာ စားသောက်တတ်ရေး အသိပညာပေးဟောပြော

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန (Community centre) ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အမျိုးသမီးရေးရာ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်ဝန်ဆောင်မိခင်များအား မိခင်နို့ စနစ်တကျတိုက်ကျွေးရေး၊ အာဟာရပြည့်ဝစွာ စားသောက်တတ်ရေး အသိပညာပေးဟောပြောခြင်းနှင့် အာဟာရထောက်ပံ့ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဒေသဆိတ်၊ နွား ဖြန့်ဖြူးပေးအပ်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဒေသဆိတ်၊ နွား ဖြန့်ဖြူးပေးအပ်ပွဲကို ဩဂုတ် ၁၀ရက် နံနက် ၁၁ နာရီက နားယောင်းကျေးရွာအုပ်စု၊ နားအွန်ကျေးရွာနှင့် ပွေ့ဝှန်းကျေးရွာတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပလင်းတန်နှင့်ပြည့်စုံစေရေး လူငယ်စကားဝိုင်းကျင်းပ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်လူရွယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေး လူငယ်စကားဝိုင်းကို ဩဂုတ် ၁၂ရက် နံနက် ၉ နာရီက ဇင်ပြွန်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းဆေးကုသပေးလျက်ရှိ

နေပြည်တော်တိုင်းရင်းဆေးရုံကြီး ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ဇေယျာသီရိမြို့နယ်၊ ကျည်တောင်ကျေးရွာအုပ်စု၊ ကျည်တောင်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့ နံနက်ပိုင်းက တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်း ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စားအုန်းဆီများအားဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၌ ယမန်နေ့ ညနေ (၄) နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏စီမံကွပ်ကဲမှုဖြင့် မြို့နယ်ဆီလုပ်ငန်းရှင်များအသင်းမှတာဝန်ယူ၍ မြို့ပေါ်(၅)ရပ်ကွက်ရှိ အိမ်ထောင်စုဝင်ပြည်သူများအား စားအုန်းဆီများကို အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၆၉၀၀ နှုန်းဖြင့် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) တို့ပူးပေါင်း၍ ဩဂုတ် ၁၂ရက် မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ စာရေးဆရာ ဇေရတု (မြန်မာပြန်) ရေးသားသည့် "ချစ်ခြင်းမေတ္တာနှင့်ခေါင်းဆောင်ခြင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ပြန်လည်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယမန်နေ့ နံနက် ၁၀ နာရီက မိုင်းလွေကျေးရွာအုပ်စု၊ မိုင်းလွေကျေးရွာအတွင်းရှိ ခေတ်မီစံပြကျေးရွာစာကြည့်တိုက်အား မြို့နယ်စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များမှ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဇီဝိတဒါနသံဃာ့ဆေးရုံသို့ တစ်နေ့တာ ဆွမ်းဆက်ကပ် ဆေးပဒေသာပင်ငွေများ လှူဒါန်း

**မန္တလေး ဩဂုတ် ၁၄**

မန္တလေး ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ စေတနာရှင်များက ဆွမ်းဆက်ကပ်ခြင်းနှင့် ဆေးပဒေသာပင်စိုက်ထူခြင်း၊ ဆေးရုံသုံးပစ္စည်းနှင့်ငွေများ လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၂ရက် နံနက်က မန္တလေးမြို့နေ ဦးစောငြိမ်း+ဒေါ်မိုးမိုးဝေ(အောင်မြင်သူ ကုမ္ပဏီ) မိသားစုက ဆွမ်းပဒေသာပင် ငွေကျပ် လေးသိန်းကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ တ/ဖနေ ဦးဗိုလ်သန်းအားရည်စူး၍ ဇနီးဒေါ်ချိုချိုနှင့် သားသမီးများ (ရွှေပုဇွန်ညီနောင်)မိသားစုက ဆွမ်းပဒေသာပင်ငွေကျပ် သုံးသိန်းတို့ကို လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကြပ်ရေးအထောက်အကူပြုအဖွဲ့နာယက ဒေါက်တာဦးမိတ်၊ ဥက္ကဋ္ဌ ဦးစိုးလင်း၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်နှင့်ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ကန်တော်ကြီးဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဂိလာနသံဃာတော်များ၊ သီလရှင်များအား အခမဲ့ကျန်းမာရေးဆေးဝါးကုသပေးလျက်ရှိသည်။ ပြင်ပလူနာကုသပေးခြင်း၊ အသေးစားခွဲစိတ်ကုသခြင်း၊ ကျောက်ကပ်သန့်စင်ခြင်း၊ သွားရောဂါကုသခြင်း၊ အကြောအဆစ်ပြန်လည်သန်စွမ်းရေးကုသခြင်း၊ မျက်စိကုသခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ ရေအလှူတော်၊ လျှပ်စစ်မီးအလှူတော်၊ ကျောက်ကပ်သွေးသန့်စင်ဌာနအလှူများသို့ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (ကဆ)**

## အသက်(၈၀)အထက် သက်ကြီးဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား ထောက်ပံ့

**မန္တလေး ဩဂုတ် ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား (၁၄)ကြိမ်မြောက် အခြေခံစားသောက်ကုန်များ လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့သည်။

ထိုသို့ လှူဒါန်းမှုအစီအစဉ်ကို မဟာအောင်မြေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်ဦးနှင့် အဖွဲ့ဝင် ဗိုလ်မှူး ဆွေလွင်အောင်၊ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ခဲ့ကြသည်။

လှူဒါန်းမှုတွင် ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ အသက် (၈၀) နှင့် အထက် သက်ကြီးဘိုးဘွားငါးဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှင့်ဆန် ခြောက်ပြည် ဆီ (၅၀)သား၊ ကြက်ဥ (၁၀)လုံး၊ ကြက်သွန်နီ(၅၀)သား၊ အိုင်အိုဒင်းဆား တစ်ထုပ်၊ ဆပ်ပြာခရင် တစ်ဘူးစီတို့ကို ကန်တော့ခဲ့သည်။

ထို့ပြင် ချို့တဲ့အိမ်ထောင်စု (၁၀၀) စုအား ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆား တစ်ထုပ်၊ ဆပ်ပြာ တစ်ဘူးနှင့် ငွေကျပ် ၅၀၀၀စီကို လှူဒါန်းပေးအပ်ခဲ့သည်။

ယင်းထောက်ပံ့မှု အစီအစဉ်ကို ယခင်လများက အိမ်ထောင်စု ၅၀ ခန့်သာထောက်ပံ့နေရာမှ ယခုလ မှစတင်ကာ တိုးမြှင့်ထောက်ပံ့ပေးခြင်းဖြစ်ပြီး တက်ရောက်လာသည့် ဘိုးဘွားများနှင့် အိမ်ထောင်စုများအား ကြာဆံဟင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ လှူဒါန်းမှုအစီအစဉ်ကို လစဉ်လှူဒါန်းနိုင်ရန် အလှူရှင်များနှင့် ရပ်ကွက်တာဝန်ရှိသူများက ချို့တဲ့အိမ်ထောင်စုများကို ထပ်မံတိုးချဲ့လှူဒါန်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## ပြင်ဦးလွင်မြို့နယ်ရှိ ဝါးနက်အပန်းဖြေဆင်စခန်းတွင် ဆင်စာဘူဖေးကျွေးမွေးရန် ငွေလှူဒါန်း

**ပြင်ဦးလွင် ဩဂုတ် ၁၄**

ကမ္ဘာပေါ်ရှိ ဆင်များအား ကာကွယ်ထိန်းသိမ်းကြရန် ရည်ရွယ်ပြီး ၂၀၁၂ခုနှစ် ဩဂုတ် ၁၂ရက်မှစ၍ ကနေဒါနိုင်ငံသားရုပ်ရှင်ထုတ်လုပ်သူ PatriciaSims နှင့် ထိုင်းနိုင်ငံအခြေစိုက် Elephant Reintroduction Foundation တို့ကစတင်၍ ကမ္ဘာ့ဆင်များနေ့အဖြစ် သတ်မှတ်၍ ဆင်စခန်းတာဝန်ခံ၊ ဆင်ဦးစီး၊ ဆင်ပဲ့ချိတ်များဦးဆောင်ကာ ဆင်စာဘူဖေးကျွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။



မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ထားသော ဆင်စခန်းများတွင် ဆင်စာဘူဖေးကျွေးခြင်းများပြုလုပ်ခဲ့ကြရာ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးပြင်ဦးလွင်လမ်းမှ ၅မိုင်၅ဖာလုံအကွာ၊ ရဲရွာရေအားလျှပ်စစ်စက်ရုံလမ်းပေါ်ရှိ သစ်ထုတ်လုပ်ရေးလုပ်ငန်းပိုင် ဝါးနက်အပန်းဖြေဆင်စခန်းတွင်လည်း ဆင်စာဘူဖေးကျွေးကုသိုလ်ပြုကြသည်။

ဝါးနက်အပန်းဖြေစခန်းရှိ ဆင်များအတွက် ဆင်စာဘူဖေးအသီးအနှံများ လှူဒါန်းကြရာ ဩဂုတ် ၁၃ ရက်ကလည်း မန္တလေးမြို့နေ ကိုစိုးဇင်ဦးထက်မှ မွေးနေ့အထိမ်းအမှတ် ဆင်စာဘူဖေးဖိုး ငွေကျပ် တစ်သိန်းလှူဒါန်းခဲ့သည်။ ဝါးနက်အပန်းဖြေဆင်စခန်းအတွင်း ဆင်စာဘူဖေးကျွေးမွေးလိုပါက ဖုန်း ၀၉-၄၃၀၅၄၀၃၈၊ ဖုန်း ၀၉-၇၅၄၀၅၂၈၀၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၀၄၅)**

# မန္တလေးရှေ့နေအသင်းမိသားစု၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးရှေ့နေများ ကန်တော့ပွဲ



မန္တလေးရှေ့နေအသင်းမိသားစု၏ "နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးရှေ့နေများ ကန်တော့ပွဲ" အခမ်းအနားကို ၂၀၁၅ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ ယခုနှစ် ၂၀၂၄ခုနှစ် (မြန်မာသက္ကရာဇ် ၁၃၈၆ခုနှစ်)တွင် နဝမအကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ၂၀၂၁ခုနှစ်မှာ ကိုဗစ်ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် သက်ကြီးရှေ့နေကြီးများအား ပူဇော်ကန်တော့ပွဲကို မပြုလုပ်နိုင်ခဲ့ပါ။

ယခုနှစ်မှာလည်း ယခင်နှစ်များက အစဉ်အလာအတိုင်း သိုက်သိုက်ဝန်းဝန်း ကျင်းပနိုင်ခဲ့ပါသည်။ မန္တလေးရှေ့နေများအသင်းမိသားစု၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးရှေ့နေကြီးများအား ကန်တော့ပွဲအခမ်းအနားကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၈လမ်းနှင့် ၃၂လမ်းထောင့် မဟာဝိဇိတာရုံကျောင်းတိုက်၌ (၂၇-၇-၂၀၂၄)ရက် နံနက် ၈ နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အသင်းနာယကကြီးများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကန်တော့ခံသက်ကြီးရှေ့နေများ၊ အသင်းဝင်ရှေ့နေများ၊ အလုပ်သင်ရှေ့နေများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ စုံစုံညီညီတက်ရောက်ကြပါသည်။

ရှေးဦးစွာ မဟာဝိဇိတာရုံကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တယာနိက(ရွှေခြံဆရာတော်) အမှူးပြုသော သံဃာတော်များထံ တက်ရောက်လာသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပါသည်။ ထို့နောက် တပည့်တော်၊ တပည့်တော်မတို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရသောအကျိုးငှာ ဤဝါဆိုသင်္ကန်းကို သံဃာတော်အရှင်သူမြတ်တို့အား ဆက်ကပ်လှူဒါန်းပါ၏ဟု လျှောက်ထားပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပါသည်။ လှူဖွယ်ဝတ္ထုပစ္စည်းများမှာ ရေစက်ချတရားဟောဆရာတော်အား ငွေကျပ်တစ်သိန်းနှင့် ဝါဆိုသင်္ကန်းတစ်စုံ၊ ကျန်သံဃာတော် ၁၀ပါးအား ငွေကျပ်ငါးသောင်းစီနှင့် ဝါဆိုသင်္ကန်းတစ်စုံစီတို့ ဖြစ်ပါသည်။ ဆရာတော်ဘဒ္ဒန္တယာနိက (ရွှေခြံဆရာတော်)က တရားချီးမြှင့်ပါသည်။ စိတ်ရင်းကောင်းပြီး စေတနာကောင်းထားကြဖို့လိုကြောင်း ဩဝါဒပေးပါသည်။ ဝါဆိုသင်္ကန်းကပ်လှူရခြင်း၏ အကျိုးတရားများကို ဟောကြားတော်မူပါသည်။

ထို့နောက် ကြွရောက်လာကြသော သံဃာတော်များက ပရိတ်တရားတော်များကို နာကြားရွတ်ဖတ် သရဇ္ဈာယ်ကြပါသည်။ ထို့နောက် ပရိတ်သတ်အပေါင်းတို့က ရေစက်သွန်းချကာ သာဓုခေါ်ဆိုကြပြီး အမျှပေးဝေကြပါသည်။ နံနက် ၉ နာရီတွင် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်း ပြီးဆုံးပါသည်။

နံနက် ၉ နာရီခွဲတွင် မန္တလေးရှေ့နေများ၏ နဝမအကြိမ်မြောက် သက်ကြီးရှေ့နေများ ကန်တော့ပွဲအခမ်းအနားကို စတင်ကျင်းပပါသည်။ သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးတင်ဆောင်၊ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးမောင်မောင်ဟိန်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးညဏ်မြင့်တို့က ဆောင်ရွက်ကြပါသည်။ ရှေးဦးစွာ ဥက္ကဋ္ဌ ဦးတင်ဆောင်က အကန်တော့ခံ သက်ကြီးရှေ့နေကြီး ၃၄ဦး၏ အမည်များကို ဖတ်ကြားပြီး တစ်ဦးချင်းစီကို ညွှန်ပြပေးပါသည်။ သက်ကြီးရှေ့နေကြီးများမှာ (၁) ဦးတင်မောင်(၈၉)နှစ်၊ (၂) ဦးတင်ဝင်းနိုင်(၈၇)နှစ်၊ (၃) ဦးတင်လှအောင်(၈၆)နှစ်၊ (၄) ဦးမြလှိုင်(၈၃)နှစ်၊ (၅) ဦးသောင်းဟန်(၈၃)နှစ်နှင့် (၈၂)နှစ်မှ (၇၆)နှစ်ကြား သက်ကြီးရှေ့နေကြီး ၂၉ ဦးတို့ ဖြစ်ကြပါသည်။

ဒုတိယဥက္ကဋ္ဌ ဦးဝမ်းမောင်မှ အမှာစကားပြောကြားရာမှာ အမှုလိုက်ပါဆောင်ရွက်နေသောရှေ့နေများ မန္တလေးရှေ့နေအသင်းကို ဝင်ကြဖို့၊ သို့မှသာ အင်အားတောင့်တင်းခိုင်မာလာမည်ဖြစ်ကြောင်း ယခုဆိုလျှင် မန္တလေးရှေ့နေအသင်းပိုင် ရုံးခန်း(တိုက်ခန်း)ကို ဝယ်ယူနိုင်ကြပြီဖြစ်ကြောင်းနှင့် ရှေ့နေများစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်စုပေါင်းလုပ်ဆောင်ကြဖို့ တိုက်တွန်းမှာကြားသွားပါသည်။ ထို့နောက် သက်ကြီးရှေ့နေများကို ကန်တော့ကြပါသည်။

ဤသို့ကန်တော့ကြရာတွင် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုးမိုးထိုက်မှ ဩကာသကန်တော့ချိုးဖြစ်သော "သက်ကြီးရှေ့နေကြီးများအား ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးတို့ဖြင့် ပြစ်မှားမိခဲ့သည်များ ရှိခဲ့လျှင် ခွင့်လွှတ်ပေးပါရန်နှင့် အပြစ်မယူကြပါရန် လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ဝန်ချတောင်းပန်ကြပါသည်။ ဂါရဝေါစ၊ နိဝါတောစ၊ မင်္ဂလာတရားများနှင့်အညီ ပူဇော်ထိုက်သော မြတ်ဆရာသက်ကြီးရှေ့နေကြီးများအား ရှိခိုးကန်တော့ပါ၏" ဟု တိုင်ပေးသည်ကို ရွတ်ဆိုပြီး ကန်တော့ကြပါသည်။ ထို့နောက် သက်ကြီးရှေ့နေကြီး ၃၄ဦးအား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှင့် ပုဆိုးတစ်ထည်၊ တဘက်တစ်ထည်စီကို လက်ထိလက်ရောက် ပေးအပ်ဂါရဝပြုကြပါသည်။ တက်ရောက်လာသူအပေါင်းတို့ကို နံနက်စာဖြင့် ဧည့်ခံကျွေးမွေးပါသည်။ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ သက်ကြီးရှေ့နေများအား ကန်တော့ခြင်းနှင့် ဧည့်ခံကျွေးမွေးခြင်းအတွက် ကုန်ကျငွေစုစုပေါင်းမှာ ငွေကျပ်သိန်း ၁၀၀ ကျော်မျှရှိကြောင်း တင်ပြရေးသားလိုက်ရပါသည်။

ဦးလေးမောင်
တရားလွှတ်တော်ရှေ့နေ

# နိုင်ငံကျော်တေးသံရှင် ဒေါ်ရီရီခင်၏ စိန်ရတုဂီတခရီးလမ်း ကြို့ဆိုဂုဏ်ပြု မျိုးဆက်သစ်အနုပညာရှင်များ တေးဂီတအနုပညာများဖြင့် ဂုဏ်ပြုသီဆိုဂါရဝပြု

နိုင်ငံကျော်တေးသံရှင် ဒေါ်ရီရီခင်၏ စိန်ရတုဂီတခရီးလမ်း ကြို့ဆိုဂုဏ်ပြု၍ မျိုးဆက်သစ်အနုပညာရှင်များမှ တေးဂီတအနုပညာများဖြင့် ဂုဏ်ပြုသီဆိုဂါရဝပြုသည့် "ရီရီခင်ဂီတစိန်ရတု" ဖျော်ဖြေတင်ဆက်ပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၅၃လမ်းနှင့် ၃၇(ဘီ)လမ်းထောင့်ရှိ Y Mandalay Hotel မင်္ဂလာခန်းမတွင် ကျင်းပသည်။

ဂီတစိန်ရတု ဂုဏ်ပြုသီဆိုပွဲသို့ မန္တလေးမြို့မိ၊ မြို့ဖများ၊ မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးနှင့် မြို့မတေးဂီတအဖွဲ့မှ နာယကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အနုပညာဝါသနာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဂီတအထူးပြုကျောင်းသား၊ ကျောင်းသူများ၊ ပန်းတျာကျောင်းမှ ဂီတသင်တန်းသားများ လာရောက်အားပေးကြသည်။

အခမ်းအနားတွင် နိုင်ငံကျော်တေးသံရှင် ဒေါ်ရီရီခင်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းအား ဖတ်ကြားခြင်း၊ နိုင်ငံကျော်တေးသံရှင် ဒေါ်ရီရီခင်နှင့် မျိုးဆက်သစ်အနုပညာရှင်များက အောင်မြင်ကျော်ကြားခဲ့သော မလေးလက်ခတ်သံ၊ ပြောလိုက်ပါစန္ဒာ၊ အသိအလိမ္မာ၊ မလေးလက်ရာ၊ ရွှေမိုးငွေမိုး သီချင်းများ အပါအဝင် တေးသီချင်းများ သီဆိုဂုဏ်ပြု၍ အလင်းသစ်အနုပညာအဖွဲ့က သရုပ်ဖော်ကပြခဲ့သည်။




နိုင်ငံကျော်တေးသံရှင် ဒေါ်ရီရီခင်သည် (၁၃-၃-၁၉၅၀)ခုနှစ်တွင် မန္တလေးမြို့၊ ထင်းဝင်းရပ်တွင် မွေးဖွားခဲ့သည်။ အသက် ၁၄နှစ် ကျောင်းပညာ ၇ တန်းအရွယ်မှစတင်ကာ ဂီတမှူး ဆရာဦးဘိုခင်၏ လမ်းညွှန်ပြသမှုဖြင့် ဂီတစင်မြင့်သို့ရောက်ရှိခဲ့ပြီး ပရိသတ်များ လက်ခံအားပေးသော နိုင်ငံကျော်တေးသံရှင်အဖြစ် အောင်မြင်စွာရောက်ရှိခဲ့သည်။ မြန်မာ့အသံမှ မန္တလေးမြို့သို့ ရေဒီယိုထုတ်လွှင့်ရန် လာရောက်ရွေးချယ်ရာတွင် အရွေးခံရပြီး ဆရာဦးဘိုခင် ရေးသားသော "ဘဝလက္ခဏာ" သီချင်းဖြင့် ပထမဆုံး အသံသွင်းထုတ်လွှင့်ခဲ့သည်။

၁၉၆၄ခုနှစ်တွင် ဂီတမှူးဦးဘိုခင်တည်ထောင်သော သိင်္ဂီတီးဝိုင်းတွင် သီချင်းစဆိုခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် ဆရာဦးဘိုခင် ပြန်လည်တည်ထောင်သော မိုးကေသီတီးဝိုင်းတွင် နာမည်ကြီးအဆိုတော် ဦးဖူးအံ၊ ရုပ်ရှင်မင်းသား ဇော်ဝမ်းတို့နှင့်အတူ ပင်တိုင်အဆိုတော်အဖြစ် သီဆိုခဲ့ရာ အောင်မြင်လာခဲ့သည်။ ရုပ်ရှင်မင်းသား အကယ်ဒမီဝင်းဦးက ဓာတ်ပြားသွင်းရန် ကမ်းလှမ်းခဲ့ရာ တစ်ကိုယ်တော်နှင့် စုပေါင်းတေးစီရီးအခွေပေါင်း ၅၀ကျော်နှင့် မြန်မာ့ရုပ်မြင်သံကြားတွင်လည်း သီချင်းအပုဒ်ပေါင်း ၁၀၀ကျော် ရိုက်ကူးထုတ်လွှင့်နိုင်ခဲ့သည်။ တေးသံရှင် ဒေါ်ရီရီခင်သည် သိင်္ဂီ၊ မိုးကေသီ၊ မြို့မ၊ ရတနာပုံ၊ တေးချစ်သူစသည့် မန္တလေးတီးဝိုင်းများတွင်သီဆိုခဲ့ပြီး လက်ဦးဆရာဦးဘိုခင်နှင့် နိုင်ငံကျော်စောင်းဦးမြမောင်(အင်းလေး)ထံတွင် ဂီတပညာများ ဆည်းပူးခဲ့သည်။ ၁၉၉၁ခုနှစ်တွင် မန္တလေးမြို့ ရွှေလ်တီးဝိုင်းမှ အဆိုတော်ဘိုတောက်၏ အကြံပြုအားပေးမှုဖြင့် မိုးကေသီ၏ မျိုးဆက်များနှင့်အတူ မိမိကိုယ်တိုင် ဦးဆောင်လျက် "ရီရီခင် ခေတ်ပေါ်တေးဂီတ" ဟူသောအမည်ဖြင့် သူမ၏အနုပညာဂီတကို ဆက်လက်ရှင်သန်စေခဲ့သည်။ မန္တလေးမြို့၏ အလှူမင်္ဂလာပွဲများ၊ ကထိန်အလှူပွဲများတွင် တေးသံရှင်ရီရီခင် မပါလျှင်မပြီးဆိုသလို ယနေ့ထက်တိုင် နာမည်ကျော်ကြားနေဆဲဖြစ်သည်။

မန္တလေးမြို့မှ အနုပညာကြယ်တစ်ပွင့်ဖြစ်သော နိုင်ငံကျော်တေးသံရှင် ဒေါ်ရီရီခင်အား ဂီတမှတ်တိုင်တစ်ခုအဖြစ် ခမ်းနားစွာ ဂုဏ်ပြုလိုစိတ်များ၊ အနုပညာချစ်မြတ်နိုးသူများစိတ်တွင် ရှိခဲ့ကြသည်။ တေးသံရှင်ကြီး ကျန်းမာနေစဉ်၊ သက်ရှိထင်ရှားရှိစဉ်ကာလ ဂါရဝတရားများနှင့် ရီရီခင်ဂီတစိန်ရတုဂုဏ်ပြု ဖျော်ဖြေပွဲကို အခက်အခဲအမျိုးမျိုးကြားမှ ကြိုးစားပြီး စီစဉ်ဖော်ဆောင်လိုက်ရခြင်းဖြစ်ကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။ နိုင်ငံကျော်တေးသံရှင် ဒေါ်ရီရီခင်မှာ အသက်(၇၅)နှစ်အရွယ်ရှိပြီဖြစ်သော်လည်း သူမ၏အနုပညာဂီတမှာ အစဉ်ထာဝရရှင်သန်နေဆဲ၊ သူမ၏တေးသီချင်းများသည်လည်း ယနေ့ထက်တိုင် မကွယ်မပျောက် ပေါ်လွင်ထင်ရှားနေဆဲဖြစ်လျက် မန္တလေးမြို့၏ ဂီတအစဉ်အလာအမွေကို ယနေ့ထက်တိုင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

မောင်ပြည်သူ(မန္တလေး)

# မော်လိုက်မြို့နယ်တွင် တိန်းသာကျေးရွာနှင့် ကင်းတပ်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မော်လိုက် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိန်းသာကျေးရွာနှင့် ကင်းတပ်ကျေးရွာတို့၌ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာအရောက် မြေပြင်ကွင်းဆင်းသွားရောက်ကာ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံပြီး VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယမန်နေ့က အဆိုပါကျေးရွာ(၂)၌ ကျင်းပခဲ့သည်။

(အောက်ပုံ)



ရှေးဦးစွာ မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းသည် ကျေးရွာလိုအပ်ချက်များကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရွေးချယ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းစသည့် စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမှူဘောင်များ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကျေးရွာသူ၊ ကျေးရွာသားများက ဖွံ့ဖြိုးရေးကော်မတီဝင်များကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

တိန်းသာကျေးရွာနှင့် ကင်းတပ်ကျေးရွာတို့၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအား ထည့်ဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(ဝ၄ဝ)



# အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မိုင်းခတ် ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် ၂၀၂၄ ခုနှစ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက မိုင်းခတ်မြို့နယ် မြို့မအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါဗိုလ်လုပွဲတွင် အာခါ (FC) အသင်းနှင့် KMA(FC) အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အာခါ(FC)အသင်းမှ KMA (FC)အသင်းအား ပင်နယ်တီဆုံးဖြတ်ပြီး ၇ ဂိုး ၅ ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ ပထမဆုရရှိသော အာခါ(FC)အသင်းအား တံခွန်စိုက်ဆုဖလား၊ တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ၊ ဒုတိယဆုရရှိသော KMA(FC) အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသား ဆုများ၊ ရှေ့တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အကောင်းဆုံးဂိုးသမားဆု၊ ပွဲစဉ်တစ်လျှောက် အသန့်ရှင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများ၊ ဒိုင်အဖွဲ့များနှင့် အ.ထ.က ကျောင်းမှ သရုပ်ပြအကအဖွဲ့အား ဂုဏ်ပြုလက်ဆောင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများမှ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်အေးထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးထွန်း၊ မြို့နယ်လဝကဦးစီးမှူး ဦးလှမြင့်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုင်းအေးမောင်တို့က တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ကျောက်ဆည်မြို့နယ်တွင် စာဖတ်ရိုန်မြင့်မားရေးနှင့် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေး စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တွင် ကျောင်းသား၊ကျောင်းသူလူငယ်များ စာဖတ်ရိုန်မြင့်မားရေးနှင့် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေး ယမန်နေ့ မွန်းလွဲ ၁ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်သည့် အလေ့အကျင့်များရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေး၊ ဗလငါးတန်နှင့်ပြည့်စုံရေး စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပခဲ့ရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကျောက်ဆည်ခရိုင်ပြန်/ဆက်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက အမှတ်တရလက်ဆောင်များပေးခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် သဘာဝ ဘေးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသောကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။



(အပေါ်ယာပုံ)

စုစုအေး(ကျောက်ဆည်)

# မိုးစပါးအထွက်နှုန်းတိုးတက်ရေး တောင်သူပညာပေး ကွင်းဆင်းဆောင်ရွက်

**မိုးနဲ ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိုးစပါးများ ပန်းတိုင်အထွက်နှုန်းရရှိရေး လက်တွေ့ကွင်းသရုပ်ပြစိုက်ပျိုးခြင်းနှင့် တောင်သူနည်းပညာပေးခြင်းကို ဩဂုတ် ၉ ရက် နံနက် ၈ နာရီက နားခံကျေးရွာအုပ်စု၊ နားခံကျေးရွာနေ တောင်သူတစ်ဦး၏ လယ်မြေနေရာ၌ ဆောင်ရွက်ခဲ့သည်။

ကွင်းသရုပ်ပြ စိုက်ပျိုးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးက တောင်သူများအနေဖြင့် စတင်စိုက်ပျိုးချိန်မှစ၍ မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်စိုက်ပျိုးသွားကြရန်၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးသွားကြရန် ယခု စိုက်ပျိုးရာသီတွင် ပျိုးသက်မှန်စိုက်ပျိုးရေးနှင့် တစ်ဧကစံသတ်မှတ်ချက် ကောက်ကွက်ပြည့်မီရေး လစ်ဟင်းမှုမရှိစေဘဲ ကြပ်မတ်ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းသရုပ်ပြ ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မိတ်ဖက်ဌာနဆိုင်ရာများ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ညောင်ဦး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မိတ်ဖက်ဌာနဆိုင်ရာများ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း အထက-၂ တွင် အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခဲ့သည်။ (ယာပုံ)

အခမ်းအနားတွင် ညောင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာဇာဝင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ညောင်ဦးမြို့နယ် ရဲတပ်ဖွဲ့ ရဲမှူး သက်နိုင်ဦးက လူငယ်နှင့် မူးယစ်ဆေးအကြောင်းအရာတို့အား Projeter Power Point ဖြင့် ရှင်းလင်းပြသပြီး ကျောင်းသားလူငယ်များ လက်တွေ့စမ်းသပ်သုံးစွဲခြင်းမျိုး လုံးဝရှောင်ကြဉ်ကြရန် အသိပညာပေးဟောပြောကာ ညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးမှ ဦးစီးဌာနမှ ဒေါက်တာလှမျိုးနိုင်ကသွားနှင့် ခံတွင်းကျန်းမာရေးအကြောင်း Projeter Power Point ဖြင့် ရှင်းလင်း ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေး ဆရာမ ဒေါ်ထိုက်ထိုက်က သွေးလွန်တုပ်ကွေးဖြစ်ပွားရသည့် အကြောင်းတို့အား အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များ၊ ကျန်းမာရေးနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (၄၈၁)



# အိမ်နီးနားချင်းနိုင်ငံပထမမူဝါဒ

အိန္ဒိယ၏ အိမ်နီးချင်းနိုင်ငံပထမမူဝါဒသည် မည်သည့်နိုင်ငံအတွက်မဆို အိမ်နီးနားချင်းများသည် နိုင်ငံခြားရေးမူဝါဒအတွက် အဓိကဦးစားပေးဖြစ်သည် ဟူသော အမှန်တရားကို ရောင်ပြန်ဟပ်နေသည်။

အိန္ဒိယသည် ၎င်း၏အိမ်နီးနားချင်းအတွက် အကြီးဆုံးနှင့် အကောင်းဆုံးအရင်းအမြစ်များကို စီးပွားရေး၊ နိုင်ငံရေး သို့မဟုတ် သံတမန်ရေးအရ ကတိကဝတ်ပြုထားသည်။ ယနေ့အိန္ဒိယ၏ အိမ်နီးနားချင်းနိုင်ငံ ပထမမူဝါဒသည် ၎င်း၏ ကမ္ဘာလုံးဆိုင်ရာ ထိတွေ့ဆက်ဆံမှု၏ အခြေခံအုတ်မြစ်ဖြစ်သည်။

နိုင်ငံ၏အတွင်း၌ ဤမူဝါဒသည် အားလုံးထက် အိမ်နီးနားချင်းများ၏ အရေးပါမှုကို ပိုမိုသိလာစေရန် အထူးသဖြင့် အိန္ဒိယအစိုးရအတွက် ကူညီပေးခဲ့သည်။ နိုင်ငံ၏ မတူကွဲပြားသော သဘောသဘာဝနှင့် သမိုင်းနှင့် ယဉ်ကျေးမှုတွင် အမြစ်တွယ်နေသည့် နယ်စပ်ဖြတ်ကျော် ချိတ်ဆက်မှုများကြောင့် ဤမူဝါဒသည် ဒေသတွင်းပေါင်းစည်းမှုကို မြှင့်တင်ရန်နှင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးမြှင့်တင်ခြင်းဖြင့် ကောင်းမွန်သည်များ ပေးဆောင်လျက်ရှိသည်။

၂၀၁၄၊ ၂၀၁၉နှင့် ၂၀၂၄ ခုနှစ်များတွင် သုံးကြိမ်ဆက်တိုက် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ အိမ်နီးချင်းနိုင်ငံအားလုံး၏ အကြီးအကဲများကို ဖိတ်ကြားရန် အိန္ဒိယဝန်ကြီးချုပ် Narendra Modi ၏ ဆုံးဖြတ်ချက်သည် မကြုံစဖူးဖြစ်ပြီး အိမ်နီးချင်းများအားလုံးနှင့် အတူတကွ ထိတွေ့ဆက်ဆံမှုပုံစံသစ်ကို ကိုယ်စားပြုပါသည်။ ခေါင်းဆောင်များ စုပေါင်းတက်ရောက်လာခြင်းသည် ဘုံတိုက်ခွဲတစ်ခု၏ အသိအမှတ်ပြု ဂုဏ်ပြုပွဲတစ်ခုဖြစ်သကဲ့သို့ ဒီမိုကရက်တစ် အခမ်းအနားလည်း ဖြစ်ခဲ့သည်။

နိုင်ငံ၏ အရွယ်အစားနှင့် အရင်းအမြစ်ထောက်ပံ့မှုများကြောင့် အိန္ဒိယသည် ၎င်း၏ အိမ်နီးချင်းများအတွက် ရွေးချယ်စရာ မိတ်ဖက်ဖြစ်သည်။ အိန္ဒိယ၏ အကူအညီပေးရေး အစီအစဉ်များသည် ဒေါ်လာဘီလီယံပေါင်းများစွာ ပမာဏရှိပြီး လိုက်လျောညီထွေမှုရှိသော စည်းကမ်းချက်များဖြင့် အလွှာပေါင်းစုံနှင့် ကဏ္ဍအားလုံးသို့ ချဲ့ထွင်ပေးအပ်ထားသည်။ ထိုကဏ္ဍများတွင် ခက်ခဲသော အခြေခံအဆောက်အအုံလုပ်ငန်းမှ ကျွမ်းကျင်မှုနှင့် ပညာရေးအထိ အပြင် သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုအထိ ပါဝင်သည်။ ၎င်းတို့သည် သန်းနှင့်ချီသော အကျိုးခံစားခွင့်ရှိသူများအပေါ် သက်ရောက်မှုရှိပြီး ဝေးလံခေါင်သီသော ဒေသများကို ရေရှည်တည်တံ့သောပုံစံဖြင့် ပြောင်းလဲခဲ့သည်။ အချိန်ကြာလာသည်နှင့်အမျှ အိမ်နီးချင်းနိုင်ငံပထမမူဝါဒသည် ကောင်းမွန်စွာ ပေါင်းစပ်တည်ဆောက်ထားသော စနစ်တစ်ခုအဖြစ် တိုးတက်ပြောင်းလဲလာသည်။

ဤမူဝါဒသည် "vasudaivkutumbakam" ၏ ဒဿနတွင် အမြစ်တွယ်နေသည်၊ သို့မဟုတ် လောကသည် မိသားစုတစ်ခုသာဖြစ်ပြီး "sabkasaath, sab ka vikas sab ka vishvas" ဟူသော ဝါဒဖြစ်သည်။ ထို့ကြောင့် ၎င်းသည် မျှဝေခံစားခြင်း၊ သာတူညီမျှမှုနှင့် တရားမျှတမှုတို့၏ အခြေခံမှုများကို ပေါင်းစပ်ထားသည်။ ဖွံ့ဖြိုးတိုးတက်ရေးအပြင် ဒေသတွင်း ပေါင်းစည်းရေးသည် အဓိကရည်မှန်းချက်ဖြစ်သည်။ ဤအရာအား ပြည်သူမှ ပြည်သူသို့ ဆက်သွယ်မှု၊ လေကြောင်း မီးရထားနှင့် ကားလမ်းများချိတ်ဆက်မှု၊ စွမ်းအင်ပိုက်လိုင်းများနှင့် ထောက်ပံ့ရေးနှင့် တန်ဖိုးသတ်မှတ်ကွင်းဆက်များ ပါဝင်သော တာရှည်တည်တံ့မည့် ချိတ်ဆက်မှုများကို ထားရှိခြင်းဖြင့် ရရှိနိုင်ပါသည်။ အိမ်နီးချင်းများအား အိန္ဒိယဈေးကွက်၊ အိန္ဒိယပညာရေးအဖွဲ့အစည်းများနှင့် အိန္ဒိယဆေးဘက်ဆိုင်ရာ ဌာနများသို့ ပထမဆုံးရရှိသုံးစွဲခွင့်ကို ပေးထားသည်။

အိန္ဒိယစီးပွားရေးတိုးတက်မှုသည် ဒေသတွင်းတိုးတက်မှု၏ အင်ဂျင်တစ်ခုဖြစ်သည်။ အိန္ဒိယသည် ၎င်း၏စီးပွားရေးအောင်မြင်မှုများကို မျှဝေရန်နှင့် အိမ်နီးချင်းနိုင်ငံများကို အတိုင်းအတာတစ်ခုအထိ စီးပွားရေးအရ အကျိုးခံစားခွင့်ပေးရန် ကတိပြုထားသည်။ အိမ်နီးနားချင်းပထမမူဝါဒသည် 'သင်၏ အိမ်နီးချင်း တိုးတက်ဖွံ့ဖြိုးပါစေ' ဟူသော နိယာမ၏ သင်္ကေတဖြစ်သည်။ ပေါင်းစည်းမှုဖြင့် လျင်မြန်စွာ ရွေ့လျားလာသူများ၏ စီးပွားရေးစွမ်းဆောင်ရည်သည် အခြားသူများထက် ပိုမိုကောင်းမွန်ကြောင်း မှတ်တမ်းကဖော်ပြသည်။ ဆန့်ကျင်ဘက်အားဖြင့် အိန္ဒိယနှင့် ပိုမိုပေါင်းစည်းထားသော နိုင်ငံများသည် ပြင်ပမှ ထိခိုက်ခံရမှုကို ခံနိုင်ရည်ရှိကြသည်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်အကျပ်အတည်းကာလအတွင်း သို့မဟုတ် ယူကရိန်းပဋိပက္ခအပြီးတွင် စွမ်းအင်နှင့် စားနပ်ရိက္ခာဈေးနှုန်းများ လှုပ်ခတ်မှုကဲ့သို့သော အခက်အခဲကာလများတွင် အိမ်နီးချင်းနိုင်ငံများအတွက် အကူအညီများ ပေးစွမ်းခဲ့သည်။ မကြာသေးမီက ထင်ရှားသော ဥပမာများတွင် အာဖဂန်နစ္စတန်အား အရေးပေါ်လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးခြင်း၊ သီရိလင်္ကာမှ စီးပွားရေးအာမခံချက်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ကာကွယ်ဆေးများနှင့် မရှိမဖြစ် လိုအပ်သော ကုန်ပစ္စည်းများထောက်ပံ့ခြင်းနှင့် ကပ်ရောဂါဖြစ်ပွားပြီးနောက် မော်လ်ဒိုက်အား ဘတ်ဂျက်ထောက်ပံ့မှုများ ပါဝင်သည်။ ထို့ကြောင့် အိန္ဒိယသည် ပထမဆုံးအကူအညီပေးသူသာမက ၎င်း၏အိမ်နီးချင်းများအတွက် ဘေးကင်းရေးကွန်ရက်တစ်ခုလည်းဖြစ်သည်။

ဤမူဝါဒသည် ချဉ်းကပ်မှုအားလုံးနှင့်ကိုက်ညီသော အရွယ်အစားတစ်ခုတည်းပုံစံမဟုတ်ဘဲ နိုင်ငံအလိုက် သတ်မှတ်ထားသော တိကျသော ရည်မှန်းချက်အား ကြားဝင်ဆောင်ရွက်မှုများ ပြုလုပ်သည့် ဝိသေသလက္ခဏာရပ်ဖြစ်သည်။ မူဝါဒ၏ဗဟိုချက်တွင် နှစ်ဖက်အကျိုးရှိသော နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးများ တည်ဆောက်ခြင်းအပေါ် အာရုံစိုက်ထားပါသည်။ လိုအပ်ပါက ဒေသခွဲပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ယန္တရားများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ အိန္ဒိယပိုင်နက်ကိုဖြတ်၍ နီပေါ၊ ဘူတန်နှင့် ဘင်္ဂလားဒေ့ရှ်တို့ကြားတွင် ဒေသခွဲ မဟာဓာတ်အားလိုင်းတစ်ခု အသွင်သဏ္ဍာန်ဖော်ဆောင်လျက်ရှိသည်။

ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသည် တိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော အခြေအနေဖြစ်ကြောင်း အသိအမှတ်ပြုပါသည်။ ဤမူဝါဒသည် တစ်ဦးနှင့် တစ်ဦး၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အလေးဂရုပြုရန်နှင့် လေးစားလိုက်နာရန် ရည်ရွယ်ပါသည်။ အတွေးအခေါ်ဒဿနဗေဒအရ လုံခြုံရေးသည် အပြန်အလှန်အားဖြင့် အကြမ်းဖက်မှု သို့မဟုတ် ရာသီဥတုပြောင်းလဲမှုနှင့်သက်ဆိုင်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သုညအဖြေထွက်ဂိမ်း မဟုတ်ပါ။ စွမ်းရည်မြှင့်တင်ခြင်းသည် အားလုံးအတွက် လုံခြုံရေးရရှိရန် အဓိကနည်းလမ်းဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း အိမ်နီးချင်းနိုင်ငံ ပထမမူဝါဒ၏ရည်မှန်းချက်သည် တိုက်ငယ်အပြင်ဘက်ရှိ ဒေသများသို့ ကျယ်ပြန့်လာခဲ့ပြီး ၎င်းတို့တွင် အိန္ဒိယသမုဒ္ဒရာဒေသ၊ အနောက်အာရှနှင့် ပင်လယ်ကွေ့နိုင်ငံများ၊ အာရှအလယ်ပိုင်းနှင့် အရှေ့အာရှတို့ပါဝင်သည်။ ကိုလိုနီခေတ်မတိုင်မီကရှိခဲ့သော ချိတ်ဆက်မှုများကို ပြန်လည်တည်ဆောက်ရန်နှင့် အသစ်များကို ပုံဖော်ရန်အတွက် အရင်းအမြစ်များခွဲဝေခြင်းနှင့် အာရုံစိုက်ခြင်းတွင် အဆိုပါဒေသများကို ဦးစားပေးထားသည်။

အိန္ဒိယ၏ အိမ်နီးချင်းနိုင်ငံပထမမူဝါဒသည် ရည်မှန်းချက်ကြီးပြီး ရဲရင့်သည်။ တယူသန်သဘောလည်း မဟုတ်သလို အယူဝါဒလည်း မဟုတ်ပါ။ ခေတ်၏ လိုအပ်ချက်များအား နည်းဗျူဟာမြောက်တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်သောကြောင့် အောင်မြင်ခြင်းဖြစ်ပါသည်။

**Indian Ambassador Pankaj Saran**



မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

# မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံဘက်မှ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ H.E. MS. Ma Jia၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weldong၊အာရှရေးရာ အထူးကိုယ်စားလှယ် Mr.Deng Xijun နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း နိုင်ငံများဖြစ်ကြပြီး ရှည်လျားခိုင်မာသည့် ဆက်ဆံရေးသမိုင်းကြောင်းရှိကာ လာမည့် ၂၀၂၅ ခုနှစ်တွင် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် စိန်ရတုနှစ်သို့ ရောက်ရှိမည်ဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအတွက် ထာဝရမိတ်ဆွေနိုင်ငံ၊ ယုံကြည်စိတ်ချရသောနိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်သွားမည့်အခြေအနေများ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်ကို စတင်သဘောတူဆောင်ရွက်ခဲ့သည့် နိုင်ငံများဖြစ်သည့်အားလျော်စွာ တည်ငြိမ်အေးချမ်းရေးကို အလေးထားသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတွင် ပါဝင်မှုအခန်းကဏ္ဍနှင့် အာဆီယံ၏ ပဋိညာဉ်အတိုင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သည့် ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မဲစာရင်းများ တိကျမှန်ကန်မှုရှိစေရေး ယခုနှစ် အောက်တိုဘာလအတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသွားမည့် အခြေအနေများ၊ ရွေးကောက်ပွဲဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပါတီအားလုံး လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ဦးစွာ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံဘက်မှ ဆွေးနွေးရာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲထောက်ခံအားပေးနေပါကြောင်း၊ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)အပေါ် မြန်မာနိုင်ငံက အစဉ်တစိုက် ရပ်တည်ထောက်ခံအားပေးနေမှုအပေါ် တန်ဖိုးထားပါကြောင်းနှင့် နိုင်ငံတကာမျက်နှာစာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အမြဲရပ်တည်ပေးလျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုနှင့် ပတ်သက်၍ လိုအပ်သည့် နည်းပညာ ကူညီမှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲတွင် သက်ဆိုင်သူများအားလုံး ပါဝင်နိုင်သည့် ရွေးကောက်ပွဲ ဖြစ်စေရေး တိုက်တွန်းလိုပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် မြန်မာဘက်မှ ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် မည်သည့်ကိစ္စရပ်များကိုမဆို မြန်မာနိုင်ငံမှ တစ်ဆင့် လုပ်ဆောင်နေမှုများအား လုံးဝလက်ခံမည် မဟုတ်ကြောင်း၊ တရုတ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးတို့အပေါ် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် တရုတ်နိုင်ငံဘက်မှ ဆွေးနွေးပြောကြားရာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကုန်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ စသည့်ကဏ္ဍစုံတို့၌ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း ခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး စည်းလုံးညီညွတ်ရေးနှင့် မြန်မာနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် တည်ရှိနေမှုကို ထောက်ခံလျက်ရှိကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေနိုင်ငံအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျားနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ဓါတ်ပုံ)

**သတင်းစဉ်**